
www.dhammaransi.com

# ရဲဝံ့ကြိုးပမ်း အောင်ဆုလှမ်း



ဆဋ္ဌတိပိဋကဓရ
(ရေစကြိုဆရာတော်)

www.dhammaransi.com



www.dhammaransi.com

# ရဲဝံ့ကြိုးပမ်းအောင်ဆုလှမ်း

ဆဋ္ဌတိပိဋကဓရ
အဂ္ဂမဟာပဏ္ဍိတ
(ရေစကြို-ဆရာတော်)

www.dhammaransi.com

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက် | ၄၇၄/၂၀၀၀ (၇) |
| မျက်နှာဖုံးခွင့်ပြုချက် | ၄၀၀/၂၀၀၀ (၇) |
| ထုတ်ဝေခြင်း | ပထမအကြိမ် |
| | အုပ်ရေ ၁၀၀၀ |
| တန်ဖိုး | ၂၂၅ ကျပ် |
| ထုတ်ဝေသည့်ကာလ | ၂၀၀၀ပြည့်နှစ်၊ ဩဂုတ်လ |
| အတွင်းသားပုံနှိပ် | ဦးကျော်ဇင် (၀၄၂၂၉) ခိုင်ရည်မွန်ပုံနှိပ်တိုက် အမှတ်(၈၁)၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်။ |
| မျက်နှာဖုံးပုံနှိပ် | ဦးကျော်စိန် (၀၂၉၀၉) ကျောက်စိမ်းပုံနှိပ်တိုက် အမှတ် (၁၇၁)၊ ၃၃ လမ်း၊ ရန်ကုန် |
| ထုတ်ဝေသူ | ဦးကျော်ဆန်း (၀၉၃၂) ရဲအောင်စာပေ၊ အမှတ်(၂)၊ ချွန်း(၁)လမ်း၊ ပုသိမ်ညွန့်၊ ရန်ကုန်မြို့။ |
| ကွန်ပျူတာ | Dream City |

www.dhammaransi.com

ဖြန့်ချိရေး

မဟာဂန္ဓဝင်စာပေ

ဒဂုံမြို့သစ်အရှေ့ပိုင်း

ရန်ကုန်မြို့။

တ/ဆင့်

အမှတ်-၉၆၊ (မြေညီ)၊ ၃၈ လမ်း၊

ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့။

☎ ၀၁-၂၄၃၈၇၀

[မဟာဂန္ဓဝင်စာပေ]

စာစဉ်(၁)

www.dhammaransi.com

# ရဲဝံ့ကြိုးပမ်းအောင်ဆုလှမ်း

## မာတိကာ


ရဲဝံ့ကြိုးပမ်းဟူသည် ဝီရိယ၏အမည် ... ၃
ဝီရိယဟူသည် အစီအမံနည်းလမ်း
တကျ ဖြစ်စေသောအရာ ... ၅
ထောက်ပင့်ခြင်းသည် ဝီရိယ၏
သဘောလက္ခဏာ ... ၇
ချီးမြှောက်ခြင်းသည် ဝီရိယ၏
သဘောလက္ခဏာ ... ၉
ဝီရိယအကြီးအကဲက
ကျေးဇူးပြုပေးလိုက်လျှင် ... ၁၁
မင်းကွန်းဆရာတော်ကြီးကိုယ်တိုင်
ဝီရိယ အဓိပတိတပ်ပြီး
ဆောင်ရွက်ခဲ့တယ် ... ၁၃
အဓိပတိတပ်လိုက်ပြီဆိုရင် ... ၁၅
တစ်စိတ်ထဲထားပြီးကြိုးစားလို့ ... ၁၉

www.dhammaransi.com


စိတ်ရှည်ခွဲသန် ... ၂၁
စိတ်ကောင်းနဲ့ယှဉ် ရှေ့ရှုနှင် ... ၂၃
အများအကျိုးသယ်ပိုးသည့် မဃလုလင်... ၂၅
အများအကျိုးဆောင်သူ
သုံးဆယ့်သုံးယောက် ... ၂၇
တရားကောင်းတွေကျင့်သုံးခဲ့လို့ ... ၂၉
ရဲဝံ့ကြိုးပမ်းအောင်ဆုလှမ်းတရားတော် ... ၃၁
ကဿပဘုရားရှင်သာသနာတော်
နောက်ပိုင်းကာလ ... ၃၃
ရဟန်းဆိုးတွေကြောင့်
ရဟန်းကောင်းများ စိတ်ပျက်ရ ... ၃၅
တောင်ထိပ်တရားစခန်းသို့ ... ၃၇
လှေခါးဖျက်ချနောက်မဆုတ်ကြ ... ၃၉
ကိလေသာရန်သူကိုတိုက်ပွဲဆင်ဖို့
တောင်ထိပ်ပေါ်အရောက်ကြွခဲ့ကြတာ ... ၄၁
ကိုယ့်အစွမ်းအစနှင့်ရရှိသော
ဆွမ်းဘောဇဉ်မှသာ သုံးဆောင်ပါအံ့ ... ၄၃
ဒုတိယမထေရ်လည်း တာဝန်ကျေ ... ၄၇
တရားထူးမရသော်လည်း
နတ်ချမ်းသာရခဲ့ ... ၄၉

www.dhammaransi.com

ဂေါတမဘုရားရှင်လက်ထက်ကျ
ဖြစ်လာခဲ့ရ သူတို့ဘဝ ... ၅၁
ဘိက္ခုနီမဝတ်ပါရစေ ... ၅၃
အိမ်ထောင်ညွှတ်ကွင်း သံချိုင့်တွင်းသို့ ... ၅၅
ဘိက္ခုနီမဘဝသို့ ... ၅၇
ကိုယ်ဝန်အရင့်အမာနှင့် ဘိက္ခုနီမလေး... ၅၉
အမိကရုဏ်းကို အမှန်ဆုံးဖြတ်ဖို့ ... ၆၁
သီလဖြူစင်သည့်အတွက် ... ၆၃
သူတော်စင်တို့နေရာနှင့် ကလေးငိုသံ ... ၆၅
ခမည်းတော်မယ်တော်ဘယ်သူလဲ ... ၆၇
သာသနာ့ဘောင်ဝင်ခွင့်ပြုတော်မူပါ ... ၆၉
ရှင်ကုမာရကဿပ ... ၇၁
မွေမိတ်ဆွေ သုဒ္ဓါဝါသဗြဟ္မာ ... ၇၃
သုဒ္ဓါဝါသဗြဟ္မာ၏
ပြဿနာမေးခွန်းများ ... ၇၅
ဘုရားရှင်အားပြန်လည်လျှောက်ထား ... ၈၁
တောင်ပို့ဆိုတာ ဤခန္ဓာ ... ၈၃
ညပိုင်းကာလအခိုးတလူလူထွက်တာ
ကြံစည်တွေးတောမှုမျိုးစုံတွေ ... ၈၅

www.dhammaransi.com

နေ့ပိုင်းကာလမီးလျှံတောက်တာ
လောဘ,ဒေါသ, မောဟမီးတွေ ... ၈၇
ဆရာပုဏ္ဏားမြတ်ဘုရား ... ၈၉
နိဗ္ဗာန်ရရှိအောင်ကျင့်ကြံသူများသည်
ဉာဏ်သွားလှသောတပည့် ... ၉၁
အသွားထက်သော
တူရှင်းလက်နက်သည်ပညာ ... ၉၃
မရပ်မနားတူးဖော်နိုင်ခြင်းဟူသည်
ကြိုးစားအားထုတ်ခိုင်းခြင်း ... ၉၅
မင်းတုံးဆိုတာ အဝိဇ္ဇာ ... ၉၇
ဖားပွဟူသည် အမျက်ဒေါသဖြစ်၏ ... ၉၉
လမ်းနှစ်မွှာဟူသည် ယုံမှားသံသယ ...၁၀၂
နီဝရဏငါးပါးသည် ရေစစ်နှင့်တူ၏။ ...၁၀၅
နွား၊တစ်ရှဉ်းပြုတ်မလား
လယ်တစ်ကွက်ပြုတ်မလား ...၁၀၉
နားကပ်ပြုတ်တော့မလား၊
ဆွဲကြိုးပေါင်ရမလား ...၁၁၃
ငှက်ပျောသီးစိမ်းစိမ်းတရားလို့
မှတ်လိုက်ရတော့တယ် ...၁၁၅

www.dhammaransi.com

စဉ်းတီတုံးနှင့် သားလှီးဓားသည်
ဝတ္ထုကာမ, ကိလေသာကာမ ... ၁၁၇
လိပ်ခုံးဆိုတာ ခန္ဓာငါးဖြာ ... ၁၁၉
သားတစ်ဟူသည် နန္ဒီရာဂ ... ၁၂၁
ယပ်တောင်တရားရှည်လွန်းလို့ ... ၁၂၃
ကြေးစည်ခေါက်ဖို့ စောင့်နေတာ ... ၁၂၅
နဂါးဆိုတာရဟန္တာ ... ၁၂၇
အမြဲတမ်းကမ္ဘာ့ဘန်းဖြစ်နေတယ် ... ၁၂၉
ဝီရိယအဓိပတိတပ်ပြီးကြိုးစားရင် ... ၁၃၁
ကောင်းမှုအတွက်တောင်းဆု ... ၁၃၃

www.dhammaransi.com

# ရဲဝံ့ကြိုးပမ်း၊ အောင်ဆုလှမ်း

ဆဋ္ဌတိပိဋကရေ၊ အဂ္ဂမဟာပဏ္ဍိတ
အရှင်ဝါယာမိန္ဒာဘိဝံသ
(ရေစကြိုဆရာတော်)

ဗုဒ္ဓသာသနာတော်နှစ် ၂၅၄၃ ခု၊ ကောဇာသက္ကရာဇ်၊ ၁၃၆၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၄)ရက်၊ ခရစ်နှစ် ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလ (၄)ရက် လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ် အခါသမယကြီးမှာ၊ ရန်ကုန်တိုင်း ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် (၇)ရပ်ကွက်၊ ကျန်စစ်သားလမ်းမကြီးနှင့် မင်းရဲကျော်စွာ(၄)လမ်းထောင့်ရှိ၊ တရားမင်္ဂလာမဏ္ဍာပ်ကြီး၌၊တိပိဋကရေဆရာတော်သုံးပါးတို့အား (၇)ရပ်ကွက်လုံးဆိုင်ရာ ပူဇော်ပွဲကျင်းပရေးအဖွဲ့မှ

www.dhammaransi.com



ဓမ္မပူဇာသဘင် ဆင်ယင်ကျင်းပရာ၌ ဘုန်းကြီးအား တရားဒေသနာဟောကြားချီးမြှင့်ပေးပါရန် လျှောက်ထားသည့်အတွက် ယခုဓမ္မဒေသနာဟောကြားချီးမြှင့်ပေးဖို့ရန်၊ ဒကာ, ဒကာမများရှေ့မှောက်သို့ ရောက်ရှိလို့လာပါပြီ၊

ဘုန်းကြီးက တရားဒေသနာများ ဟောကြားတဲ့အခါ တောထဲမှာနေတော့ တောသံလဲပါချင်ပါမယ်၊ ဘုန်းကြီးတို့ ဒကာ,ဒကာမများက မြို့တော်သူ မြို့တော်သားများဆိုတော့ တောအကြောင်းလေးလဲပဲ သိရတာပေါ့။

ယနေ့ ဒကာ, ဒကာမများကို ဟောကြားမယ့် တရားကတော့ **ရဲဝံ့ကြိုးပမ်းအောင်ဆုလှမ်း** ဆိုတဲ့ ဓမ္မဒေသနာတော်ဖြစ်ပါတယ်။

www.dhammaransi.com

# ရဲဝံ့ကြိုးပမ်းဟူသည် ဝီရိယ၏အမည်

ရဲဝံ့တယ်၊ ကြိုးပမ်းတယ်ဆိုတာ အခြား တရားရဲ့ အမည်မဟုတ်ပါဘူး၊ ဝီရိယရဲ့ နာမည် ပါပဲ၊ ဝီရဿ ဘာဝေါ ဝီရိယံ၊ ဝီရဿ၊ ရဲဝံ့သော ပုဂ္ဂိုလ်၏၊ ဘာဝေါ၊ အဖြစ်ပါပေတည်း၊ ဝီရိယံ ရဲဝံ့သော ပုဂ္ဂိုလ်၏အဖြစ်၊ အဲဒီလို အဋ္ဌကထာ ဆရာများက မိန့်ဆိုထားကြတယ်။

ရဲဝံ့သော ပုဂ္ဂိုလ်များရဲ့ အဖြစ်ဆိုတာ ရဲဝံ့ မှုပဲ၊ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေတာ မဟုတ်ပါဘူး။

ဝီရာနံ ကမ္မံ ဝီရိယံ၊ ဝီရာနံ၊ ရဲဝံ့သောပုဂ္ဂိုလ် တို့၏၊ ကမ္မံ၊ အလုပ်အကိုင်ပါပေတည်း၊ ဝီရိယံ ရဲဝံ့သော ပုဂ္ဂိုလ်တို့၏ အလုပ်အကိုင်၊ အဲသလို အဋ္ဌကထာ ဆရာများက မိန့်ဆိုထားကြပြန်ပါ

www.dhammaransi.com



တယ်၊ ဝီရိယဆိုတာ ရဲဝံ့သော ပုဂ္ဂိုလ်များရဲ့ အလုပ်အကိုင်လို့ မှတ်ထားကြပါ။

ပထမဖွင့်ဆိုတဲ့ အဓိပ္ပါယ်အရ ဝီရိယဆိုတာ ရဲဝံ့မှု၊ ဒုတိယဖွင့်ဆိုတဲ့အဓိပ္ပါယ်အရ၊ ဝီရိယဆိုတာ ရဲဝံ့သော ပုဂ္ဂိုလ်များရဲ့ အလုပ်အကိုင်ဖြစ်တယ်။

ကြောက်ရွံ့တဲ့ပုဂ္ဂိုလ်များ၊ မရဲဝံ့တဲ့ပုဂ္ဂိုလ်များဟာ အလုပ်အကိုင်များကို မလုပ်ကိုင်နိုင်ကြပါဘူး၊ ရဲဝံ့တဲ့ ပုဂ္ဂိုလ်များမှသာ လုပ်ကိုင်နိုင်ကြတယ်၊ အဲဒါကြောင့်ဝီရိယဆိုတာ ရဲဝံ့သော ပုဂ္ဂိုလ်များရဲ့ အလုပ်အကိုင်လို့ အဋ္ဌကထာဆရာတော်များက မိန့်ဆိုထားခြင်း ဖြစ်ပါတယ်။

www.dhammaransi.com

# ဝီရိယဟူသည် အစီအမံ နည်းလမ်းတကျ ဖြစ်စေသောအရာ

ဝိဓိနာ ဤရယိတဗ္ဗန္တိ ဝီရိယံ၊ ဝိဓိနာ၊ အစီအမံဖြင့်၊ ဤရယိတဗ္ဗံ၊ ဖြစ်စေအပ်ပါ၏၊ ဣတိတသ္မာ၊ ဤကဲ့သို့သောအကြောင်းကြောင့်၊ ဝီရိယံ၊ ဝီရိယ မည်ပါပေ၏။ ဝီရိယဆိုတာ၊ အစီအမံ နည်းလမ်းတကျနဲ့ ဖြစ်စေရမယ့်အရာတွေ ဖြစ်ပါတယ်။

ဆိုကြပါစို့၊အလုပ်အကိုင်တစ်ခုကို လုပ်ကိုင်ကြတဲ့အခါ ပထမတော့၊ "ဩော်...ဒီအလုပ်အကိုင်ကြီးလုပ်ရမှာ၊ ငါ့နှယ် အောင်မှ အောင်မြင်ပါ့မလား၊ ဒီအလုပ်အကိုင်ကြီး လုပ်ရတာ မအောင်မြင်မယ့်အတူတူ၊ မလုပ်ကိုင်တာပဲ ကောင်းမယ် ထင်ပါရဲ့"

www.dhammaransi.com



အဲသလို စိတ်ကတိတိကျကျမဆုံးဖြတ်နိုင်တဲ့ အတွက် မလုပ်ချင်မကိုင်ချင်တော့ဘူး။

ဒီတော့ အလုပ်လည်းပဲမအောင်မြင်ဘူး၊ လူလည်းပဲ အပြင်ရောက်သွားတယ်။

ဒီတော့ ဆက်လက်ပြီး စဉ်းစားလိုက်ပြန် တယ်၊ "ဒီအလုပ်အကိုင်လုပ်ကိုင်လိုက်ပြီဆိုရင် အများရဲ့ ကောင်းကျိုးတွေ၊ ဒီလိုဒီလို ဖြစ်သွားမယ်၊ ငါ့ရဲ့ ကောင်းကျိုးတွေလည်း ဒီလိုဒီလို ဖြစ်သွား မယ်၊ ဒါကြောင့် ဒီအလုပ်ကို လုပ်ကိုလုပ်မယ်" လို့ မိမိစိတ်ထဲမှာ စဉ်းစားဆင်ခြင်ပြီး ဆုံးဖြတ်ချက် ချလို့ လုပ်ကိုင်လိုက်တယ်။

ဒါဟာ အစီအမံနည်းလမ်းတကျနဲ့ ဖြစ်စေပုံ ကိုပြောပြတာပဲ၊ အဲဒါမျိုးကိုလဲဝီရိယလို့ခေါ်တယ်။

www.dhammaransi.com

# ထောက်ပင့်ခြင်းသည် ဝီရိယ၏သဘောလက္ခဏာ

ဒကာ, ဒကာမများကို ဝီရိယအကြောင်း အစုံအလင်သိရအောင် ဘုန်းကြီးက ထည့်သွင်း ပြောပြပေးတာ၊ အဲဒီဝီရိယရဲ့သဘော လက္ခဏာ ဆိုတာ၊ ထောက်ပင့်တဲ့သဘောလက္ခဏာရှိပါတယ်။

ဥပမာ– အိမ်အိုကြီးတစ်လုံးရှိတယ်ဆိုပါစို့၊ အဲဒီအိမ်အိုကြီးဟာ လေဒဏ်မိုးဒဏ်တွေနဲ့ တွေ့ လိုက်မယ်ဆိုရင်၊ ပြိုကျပျက်စီးသွားတော့မယ်၊ အဲဒီ အခါမှာ အိမ်အိုကြီးကိုကျားကန်ပေးတာတို့ ဒေါက် ထောက်ပေးတာတို့ လုပ်လိုက်မယ်ဆိုရင် အဲဒီ အိမ်အိုကြီးဟာ မလဲတော့ဘူးပေါ့၊ မပြိုတော့ဘူး ပေါ့။

ဒီဥပမာလိုပါပဲ၊ တစ်ရံတစ်ခါမှာ ကောင်းမှု ကိစ္စ အဝဝကို လုပ်ကိုင်လိုက်တဲ့အခါ၊ စိတ်က

www.dhammaransi.com



တွန့်ဆုတ်တွန့်ဆုတ်နဲ့ မတင်မကျ ဖြစ်နေတတ်တယ်၊ အဲဒီအချိန်မှာ ဝီရိယဒေါက်တိုင်နဲ့ ကျားကန်ပေးလိုက်မယ်ဆိုရင် ရရှိမယ့်ကုသိုလ်တရားတွေဟာ ဆုတ်ယုတ်လို့ မသွားတော့ဘူး၊ ဆက်လက်ပြီးတော့အောင်မြင်မှုတွေ ရရှိလို့သွားပြီ။

ဒါကြောင့် ဝီရိယဒေါက်တိုင်များနဲ့ ထောက်ပင့်လို့ပေးပါ၊ အဲဒါမှ ကောင်းမှုကိစ္စအဝဝ တွေဟာ အောင်မြင်တာထက် ပိုမိုပြီး အောင်မြင် သွားမယ်။

ယနေ့ဘုန်းကြီးတို့ ဒကာဒကာမများဆောင်ရွက်နေတဲ့ ကိစ္စတွေဟာ မိမိ, သူတပါးနှစ်ဦးသားတို့ရဲ့ အကျိုးစီးပွားဖြစ်တယ်၊ ဒီလို အကျိုးစီးပွားများကို ဆောင်ရွက်ကြတဲ့အခါမှာ မိမိတို့တတွေဟာ ဝီရိယဒေါက်တိုင်များနဲ့ ထောက်ပင့်လို့ ပေးရမယ်၊ ကျားကန်လို့ ပေးရမယ်၊ အဲဒါမှ အောင်မြင်မှုတွေ ရရှိမယ်။

www.dhammaransi.com

# ချီးမြှောက်ခြင်းသည် ဝီရိယ၏သဘောလက္ခဏာ

ဝီရိယရဲ့ သဘောလက္ခဏာဟာ ချီးမြှောက်တတ်တဲ့ သဘောလက္ခဏာရှိပါတယ်၊ ဥပမာပြောရရင် အင်အားနည်းတဲ့ စစ်တပ်ရယ်၊ အင်အားကြီးမားတဲ့ စစ်တပ်ရယ်၊ ရင်ဆိုင်လို့ တိုက်ပွဲများဆင်နွှဲကြတဲ့အခါ၊ အင်အားကြီးမားတဲ့ စစ်တပ်က (အင်အားကြီးတော့) အနိုင်ရရှိလို့ သွားတယ်။

အင်အားနည်းတဲ့ စစ်တပ်ဟာ တပ်ပျက်ပြီး ဖရိုဖရဲများ ဖြစ်သွားတဲ့အခါ၊ ဆိုင်ရာကို အကြောင်းကြားသတင်းပို့တယ်၊

ဒီတော့ဆိုင်ရာ,ဆိုင်ရာ အကြီးအကဲဗိုလ်ချုပ်များက အင်အားနည်းတဲ့ မိမိတို့စစ်တပ်အတွက် တပ်ကူများ လွှတ်ပေးလိုက်တယ်၊

တပ်ကူများ ရောက်ရှိလာတဲ့အခါ အင်အားနည်းနေတဲ့ စစ်တပ်ဟာ အင်အားကြီးတဲ့ စစ်တပ်

www.dhammaransi.com



ကို တန်ပြန်ရင်ဆိုင်တိုက်ခိုက်လိုက်တော့ အောင်ပွဲတွေ အလီလီရရှိလို့ သွားတော့တယ်။

ဝီရိယဆိုတာလည်း ဒီသဘောလိုပါပဲ၊ ဝီရိယဆိုတဲ့ တပ်ကူတွေကို မိမိတို့ဟာ အမြဲတမ်း မွေးထုတ်လို့ ပေးရမယ်၊ အဲဒီ ဝီရိယတပ်ကူတွေနဲ့ မိမိတို့လုပ်ငန်းကိစ္စအဝဝ, ကောင်းကျိုးကိစ္စ အဝဝတွေကို ဆောင်ရွက်လို့ပေးရမယ်၊

ဝီရိယတပ်ကူများများကြီးနဲ့ ကောင်းမှုကိစ္စအဝဝတွေကို ဆောင်ရွက်လို့ ပေးလိုက်ပြီဆိုရင်တော့ ဘုန်းကြီးတို့ ဒကာ,ဒကာမများ စီမံထားကြတဲ့ နိဂ်လွန်ကတ္တရာလမ်းဆိုတာ မကြာခင်အောင်မြင်သွားမှာဖြစ်ပါတယ်။

နောက် အခြားအခြား မိမိတို့ ဆောင်ရွက်လိုတဲ့ကိစ္စ၊ လောကီချမ်းသာကိစ္စ၊ လောကုတ္တရာချမ်းသာကိစ္စ အဝဝတွေဟာ အောင်မြင်လို့ သွားမှာဖြစ်ပါတယ်။

ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ပဋ္ဌာန်းပါဠိတော်မှာ ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စရူပါနံ အဓိပတိပစ္စယေန ပစ္စယော လို့ ဟောကြားထားပါတယ်။

www.dhammaransi.com

# ဝီရိယအကြီးအကဲက
# ကျေးဇူးပြုပေးလိုက်လျှင်

အဓိပတိကို မြန်မာဘာသာပြန်မယ်ဆိုရင် အကြီးအကဲလို့အဓိပ္ပါယ်ရတယ်၊ မိမိတို့ရဲ့ စိတ်သန္တာန်မှာ ဝီရိယဖြစ်ပေါ်လို့လာမယ်ဆိုရင် အကြီးအကဲဖြစ်လို့လာတာ။

ဝီရိယအကြီးအကဲဟာ မိမိနဲ့ သက်ဆိုင်ရာ ယှဉ်ဖော်ယှဉ်ဖက် လုပ်ဖော်ကိုင်ဖက် တရားတွေအပေါ်မှာ ရုပ်တရားတွေအပေါ်မှာ ကျေးဇူးပြုလို့ ပေးလိုက်တယ်။

ဝီရိယများထက်သန်လို့လာတဲ့အခါ အခြားအခြား ယှဉ်ဖော်ယှဉ်ဖက်တရားတွေဟာလည်းပဲ ဝီရိယနောက် ကောက်ကောက်ပါလို့ လာခဲ့ကြ

www.dhammaransi.com



တယ်၊ ဝီရိယရဲ့ဆန့်ကျင်ဘက် အပျင်းတွေဟာ လည်း ပျောက်လွင့်လို့ သွားတော့တယ်။

ဝီရိယဆိုတဲ့ အဓိပတိအကြီးအကဲဟာ အဲဒီလို ယှဉ်ဖော်ယှဉ်ဖက် တရားတွေ မိမိနောက် ကောက်ကောက်ပါအောင်၊ ရုပ်တရားတွေ မိမိ နောက်ကောက်ကောက်ပါအောင်၊ ကျေးဇူးပြုလို့ ပေးနေတာပါပဲ၊ ဝီရိယ အဓိပတိတပ်လို့ ကြိုးစား အားထုတ်တဲ့အခါ၊ အောင်မြင်မှုအဝဝ ရရှိမယ်ဆိုတဲ့ သဘောပါပဲ။

www.dhammaransi.com

# မင်းကွန်းဆရာတော်ကြီးကိုယ်တိုင် ဝီရိယ အဓိပတိတပ်ပြီး ဆောင်ရွက်ခဲ့တယ်

ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးဟာ သာသနာ့ကိစ္စ ဓမ္မကိစ္စ အသွယ်သွယ်ကို ဆောင်ရွက်တော်မူခဲ့စဉ်တုန်းက "ဆရာတော်ဘုရား ဒီလိုကိစ္စ အသွယ်သွယ်တွေကို ဆောင်ရွက်တော်မူတဲ့အခါ အောင်မြင်မှုများရရှိအောင် ဘယ်လိုများ လုပ်ဆောင်တော်မူပါသလဲ ဘုရား"လို့ တပည့်ဒကာ အသီးသီးက မေးမြန်းလျှောက်ထားကြတယ်။

ဆရာတော် ဘုရားကြီး လုပ်ကိုင်ဆောင်ရွက်တော်မူခဲ့တဲ့လုပ်ငန်း ကိစ္စအဝဝတွေကို သက်တမ်းအားဖြင့် လေးဆယ်ကျော်၊ ငါးဆယ်ကျော်၊ ခြောက်

www.dhammaransi.com



ဆယ်ကျော် ဒကာ, ဒကာမများဆိုရင် သိရှိကြပြီး ဖြစ်မှာပါ။

ဆရာတော်ဘုရားကြီးအနေနဲ့ ဘာတွေ ဆောင်ရွက်ခဲ့သလဲဆိုရင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ရန်ကုန်မြို့ မန္တလေးမြို့တွေမှာ တည်ထောင်ခြင်းကိစ္စ၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းတည်ထောင်ခြင်းကိစ္စ၊ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်ကြီး များတည်ထောင်ခြင်းကိစ္စ၊ နိုင်ငံတော်သံဃာ့မဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် တာဝန် ထမ်းဆောင်ခြင်းကိစ္စ၊ အဲဒီလို ကိစ္စ အသွယ် သွယ်တွေကို သူမတူအောင် ဆရာတော်ကြီးဆောင် ရွက်တော်မူ သွားပါတယ်။

အဲဒါကြောင့် "ဒီလိုလုပ်ငန်းကြီးများကို ဆောင်ရွက်တော်မူတဲ့အခါ ဘယ်လိုများဆောင်ရွက် တော်မူပါသလဲဘုရား" လို့ သိချင်ကြတဲ့ ပုဂ္ဂိုလ်များ က မေးမြန်းလျှောက်ထားကြလို့ ဆရာတော်ကြီး ဖြေတဲ့အဖြေက **(အဓိပတိတပ်ပြီး ဆောင်ရွက်ပါတဲ့)** ဆရာတော်ကြီးကိုယ်တော်တိုင်လည်း အဓိပတိ တပ်ပြီး ဆောင်ရွက်ပါတယ်။

www.dhammaransi.com



ယခုပြောတဲ့အတိုင်း အဓိပတိဆိုတဲ့ အကြီးအကဲကို မိမိတို့သန္တာန်မှာထားရှိပြီး၊ ဆောင်ရွက်လိုက်မယ်ဆိုရင် အောင်မြင်မယ်။

## အဓိပတိတပ်လိုက်ပြီဆိုရင်

အဓိပတိတပ်လိုက်ပြီဆိုရင် အခြားအခြားသော ယှဉ်ဖော်ယှဉ်ဖက် တရားတွေဟာ အဓိပတိနောက်လိုက်သွားတော့တာ၊ အဲဒီအဓိပတိမှာ လေးမျိုးလေးစားရှိတယ်။

(၁) ပထမအဓိပတိတရားက ဖြစ်စေလိုတဲ့

**ဆန္ဒ၊**

အဲဒီ ဖြစ်စေလိုတဲ့ ဆန္ဒသာ ပြင်းထန်နေပြီဆိုရင် ဆန္ဒဆိုတဲ့ အဓိပတိများ မိမိတို့သန္တာန်မှာ ရောက်ရှိလို့လာပြီမှတ်ပါ။ ဆန္ဒဆိုတဲ့ အဓိပတိတရားတွေတပ်လို့လာပြီမှတ်ပါ။

www.dhammaransi.com



(၂) ဒုတိယမြောက် အဓိပတိတရားက စိတ္တ၊

စိတ်ဆိုတာ ဩော် ... ငါတို့ဆောင်ရွက်ရမယ့်ကိစ္စ အောင်ကိုအောင်မြင်ရမယ်ဟော့လို့၊ အဲဒီလိုစိတ်ဓာတ်ကို ပြင်းပြင်းထန်ထန်ထားရမယ်၊ ဒီစိတ်တရားဟာ အင်အားကြီးမားလာတဲ့အခါ (အဓိပတိတပ်လာတဲ့အခါ)အခြား, အခြားယှဉ်ဖော်ယှဉ်ဖက်တရားတွေဟာလည်း၊ အဲဒီစိတ်နောက် ကောက်ကောက်ပါအောင် လိုက်တော့တာပဲ။

(၃) တတိယမြောက် အဓိပတိတရားက ဝီရိယ၊

အဲဒီ ဝီရိယဆိုတဲ့ အကြီးအကဲကိုလည်းပဲ မိမိတို့သန္တာန်မှာ ဖြစ်စေရမယ်၊ ဒါဆိုရင် ဝီရိယအဓိပတိတပ်လို့နေပြီ၊ အဲဒီတော့ ကိစ္စအဝဝ အောင်မြင်သွားတော့တာပေါ့။

(၄) စတုတ္ထမြောက် အဓိပတိတရားက ပညာ၊

ပညာကိုလည်း မိမိတို့သန္တာန်မှာ ဖြစ်စေရမယ်၊ ဒါဆိုရင် ဝီမံသအဓိပတိတပ်နေတာ၊ အကျိုးအကြောင်း ဆင်ခြင်စဉ်းစားတဲ့ပညာပေါ့၊

www.dhammaransi.com



အကုသိုလ်အရာမှာ မဟုတ်ဘူး၊ ကုသိုလ်အရာမှာ အကျိုးအကြောင်းများကို ဆင်ခြင်စဉ်းစားတဲ့ပညာ။

အဲဒီလိုပညာဆိုတဲ့အဓိပတိတပ်လို့ လုပ်ကိုင်ပါ၊ ဒါဆိုရင် ယှဉ်ဖော်ယှဉ်ဖက်တရား တွေဟာ ပညာနောက် ကောက်ကောက်ပါအောင် လိုက်လာကြမှာဖြစ်တယ်။

ဒီတော့ ဆန္ဒရယ်၊ စိတ်ရယ်၊ ဝီရိယရယ်၊ ပညာရယ်၊ အဲဒီလေးခု အဓိပတိတပ်လို့ လုပ်ကိုင်ပါ၊ လောကီကိစ္စတွေ လောကုတ္တရာကိစ္စတွေ၊ ကိစ္စအသွယ်သွယ် အောင်မြင်မှု ရရှိပါလိမ့်မယ်။

ဆရာတော်ဘုရားကြီး မိန့်ဆိုထားခဲ့တဲ့ ဆောင်ပုဒ် လင်္ကာကို ဒကာဒကာမများအား ယခုလို ကြံဖန်ကြံခိုက် ဝမ္မလက်ဆောင်အဖြစ် ပေးခဲ့ပါမယ်။

* ဆန္ဒကဲမို့၊ ငါသို့သူမှာ၊ ပြုမူရာသည်၊ ဘယ်မှာမပြီးရှိအံ့နည်း။
* စိတ္တကဲမို့၊ ငါသို့သူမှာ၊ ပြုမူရာသည်၊ ဘယ်မှာမပြီးရှိအံ့နည်း။

www.dhammaransi.com



* ဝီရိယကဲမို့၊ ငါသို့သူမှာ၊ ပြုမှုရာသည်၊ ဘယ်မှာမပြီး ရှိအံ့နည်း။
* ပညာကဲမို့၊ ငါသို့သူမှာ၊ ပြုမှုရာသည် ဘယ်မှာမပြီး ရှိအံ့နည်း။

www.dhammaransi.com

# တစ်စိတ်ထဲထားပြီး ကြိုးစားလို့

အဲသလို ဆန္ဒရယ်၊ စိတ္တရယ်၊ ဝီရိယရယ်၊ ပညာရယ်၊ အဲဒီလေးခုကို မိမိတို့သန္တာန်မှာ၊ အရအမိလက်ကိုင်ထားလို့ ကြိုးစားအားထုတ်လိုက်ကြပါ၊ အဲဒါဆိုရင်ဘုန်းကြီးတို့ ဒကာဒကာမများ ဆောင်ရွက်လိုတဲ့ ကိစ္စအဝဝတွေဟာ အားလုံး အောင်မြင်လို့ သွားမှာပါ။

ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ဘုရားကြီးဟာ အဲဒါကို လက်ကိုင်ထားပြီး ကိစ္စအသွယ်သွယ်တွေကို ဆောင်ရွက်တော်မူခဲ့တဲ့အတွက် အစစအောင်မြင်တော်မူခဲ့ပါတယ်။

ဆရာတော်ဘုရားကြီးဟာ စိတ်ဆိုရင်လည်းပဲ၊ တစ်စိတ်ထဲထားပြီးတော့ ကြိုးစားဆောင်

www.dhammaransi.com



ရှက်ခဲ့တယ်၊ တစ်စိတ်ထဲထားပြီး ကြိုးစားပြီဆိုရင် လည်းပဲ အပြင်းအထန် ကြိုးစားခဲ့တယ်။

ဖြစ်စေလိုတဲ့ဆန္ဒ၊ ဖြစ်ရမယ်ဆိုစိတ်၊ ရဲဝံ့စွာ လုပ်ကိုင်တဲ့ဝီရိယ အကျိုးအကြောင်း ဆင်ခြင်တဲ့ ပညာ၊ အဲဒီလို တရားတွေကို လက်ကိုင်ထားပြီး ကြိုးစားလိုက်တဲ့အခါ၊ ခေတ်အဆက်ဆက်မအောင် မြင်ခဲ့တဲ့ သာသနာ့တက္ကသိုလ် တည်ထောင်ခြင်း ကိစ္စဟာ အောင်မြင်မှုတွေရရှိလို့ သွားခဲ့ပါတယ်။

www.dhammaransi.com

# စိတ်ရှည်ဇွဲသန်

အဲဒီလို ဆောင်ရွက်ကြတဲ့အခါမှာ မိမိတို့ အနေနဲ့ မှတ်သားရမယ့် အချက်တစ်ချက်တော့ ရှိပါသေးတယ်၊ အဲဒီဆောင်ပုဒ်က

* "စိတ်ရှည်ဇွဲသန်၊ သည်းခံကြည်စွာ၊ ကြိုးစားကာ၊ ညီညာငါတို့ပြုကြစို့" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ပြုလုပ်ကြမှ အောင်မြင်မှုတွေပိုလို့ ရရှိကြမှာ ဖြစ်ပါတယ်၊

(၁) စိတ်ရှည်၊ စိတ်ရှည်ရမယ်။

(၂) ဇွဲသန်၊ ဇွဲမလျှော့ရဘူး၊ ဇွဲသန်ရမယ်။

(၃) သည်းခံ၊ သည်းခံခြင်းတရားလည်းပဲ

www.dhammaransi.com



ထားရှိရမယ်၊

(၄) **ကြည်စွာ**၊ တစ်ဦးနဲ့တစ်ဦး အမြင်ကြည်လင်ရမယ်၊ တစ်ဦးနဲ့တစ်ဦး အမြင်မကြည်မလင် အမြင်များစောင်းလို့နေပြီ ဆိုပြန်ရင်လည်း လုပ်ငန်းကိစ္စတွေမှာ အဖုအထစ်တွေ တွေ့တတ်တယ်။

(၅) **ကြိုးစားကာ**၊ ကြိုးစားကြရမှာ ဖြစ်ပါတယ်။

(၆) **ညီညာ**၊ ညီညီညာညာနဲ့ ဆောင်ရွက်ကြရမယ်၊ အဲဒါဆိုရင်ဖြင့် အောင်မြင်ပါပြီ။

www.dhammaransi.com

# စိတ်ကောင်းနဲ့ယှဉ်၊ ရှေ့ရှုနှင်

နောက်ဆောင်ပုဒ်ကလေး တစ်ခုကလည်း စစ်ကိုင်းတောင်ရိုး ကျေးဇူးတော်ရှင် ရွှေဟင်္သာ ဆရာတော်ဘုရားကြီး ရေးသားထားခဲ့တဲ့ လင်္ကာ လေးပါ၊ အဲဒီလင်္ကာလေးဟာလည်း အများအကျိုး ဆောင်ရွက်ကြတဲ့ ပုဂ္ဂိုလ်များအဖို့ အထူးပဲမှတ် သားထိုက်တဲ့ လင်္ကာဆောင်ပုဒ်ဖြစ်ပါတယ်။

* **အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊ မရွံ့မစောင်း၊ ကိုယ့်လမ်း ကြောင်းကို၊ စိတ်ကောင်းနဲ့ယှဉ်၊ ရှေ့ရှု နှင်လော့၊**

အဲဒါ ဆရာတော်ဘုရားကြီးများ မိန့်ကြား ခဲ့တဲ့ လင်္ကာတွေပါ၊ ဘုန်းကြီးတို့ ဒကာဒကာမတွေ ကိစ္စအဝဝဆောင်ရွက်တဲ့အခါမှာ ဒီအချက်အလက်

www.dhammaransi.com



တွေကို လက်ကိုင်ထားလို့ ဆောင်ရွက်ကြ စေဖို့ ဆရာတော်ဘုရားကြီးများက ရေးသားထားခြင်းဖြစ်ပါတယ်။

ဆရာတော်ဘုရားကြီးများဟာ လောကကိစ္စ၊ ဓမ္မကိစ္စတွေ ဆောင်ရွက်ကြပြီဆိုရင်၊ အဲဒီတရားတွေကို လက်ကိုင်ထားလို့ ဆောင်ရွက်ခဲ့ကြတဲ့အတွက် သူတို့ဆောင်ရွက်ခဲ့ကြတဲ့ ကိစ္စတွေ အသီးသီးအောင်မြင်မှုများ ရရှိခဲ့တာ ဖြစ်ပါတယ်။

www.dhammaransi.com

# အများအကျိုးသယ်ပိုးသည့် မဃလုလင်

ရှေးရှေးကလည်းပဲ အလောင်းအလျာ သူတော်စင်ကြီးတွေ အောင်မြင်မှုအဖြာဖြာကို ရရှိသွားခဲ့ကြပါပြီ၊ အထင်ရှားဆုံးသာဓကလေးတစ်ခု ပြောရမယ်ဆိုရင်တော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမများ မကြာမကြာ ပြောနေကြတဲ့ သိကြားမင်းအကြောင်းပါပဲ။

သိကြားမင်းဟာ စတုမဟာရာဇ်ရယ်၊ တာဝတိံသာရယ်၊ နတ်ပြည်နှစ်ထပ်ကို အုပ်စိုးတဲ့ အရှင်သိကြားမင်းပဲ ဖြစ်ပါတယ်၊ အဲဒီ သိကြားမင်းဟာ လူ့ပြည် လူ့လောကမှာ ဖြစ်စဉ်ကာလတုန်းက မဃလုလင်လို့ ခေါ်ပါတယ်။

အဲဒီမဃလုလင်မှာ ဇနီး (၄) ဦးရှိပါတယ်။ စောစောပိုင်းက သူဟာ သူများအကျိုး မဆောင်ရွက်သေးပါဘူး၊ မသယ်ပိုးသေးပါဘူး။

www.dhammaransi.com



တစ်နေ့သောအခါ သူတို့ရွာထဲက လမ်းမကြီးဘေးမှာ ကျောက်တုံးကြီးတစ်တုံးက ခံလို့နေပါတယ်၊ ဒီတော့ လှည်းတွေ ရထားတွေ သတ္တဝါတွေ လူတွေသွားကြပြီဆိုရင် အဲဒီကျောက်တုံးကြီးကို ရှောင်ကွင်းပြီးတော့ သွားလာမောင်းနှင်ကြရတယ်။

မရှောင်ကွင်းနိုင်ဘူးဆိုရင် အဲဒီကျောက်တုံးကြီးနဲ့တိုက်လို့ လှည်းဘီးတွေ ရထားတွေဟာ တစ်ခါတစ်ရံမှာ မှောက်ကုန်ကြကျိုးကုန်ကြတယ်။

ဒီတော့ မဃလုလင်က စဉ်းစားတယ်။ "ဒီကျောက်တုံးကြီးဟာ အများသူငါသွားရာလမ်းခရီးမှာ အနှောင့်အယှက်ဖြစ်နေတယ်၊ ဒီတော့ ကျောက်တုံးကြီးကို ဖယ်ရှားပစ်လိုက်ရင် ကောင်းမှာပဲ"..... အဲသလို စဉ်းစားပြီး အဲဒီကျောက်တုံးကြီးကို ဖယ်ရှားပစ်လိုက်ပါတယ်။

www.dhammaransi.com

# အများအကျိုးဆောင်သူ
# သုံးဆယ့်သုံးယောက်

ကျောက်တုံးကြီးမရှိတဲ့အခါ၊ လမ်းကလည်း ကောင်းမွန်ပြေပြစ်ချောမောလို့ အများသူငါ တတွေမှာ ချမ်းချမ်းသာသာနဲ့ သွားကြရတယ်၊ လှည်းတွေရထားတွေလဲ မပျက်စီးတော့ဘူး။

အဲဒီအချက်တွေကို မဃလုလင်က စတင် ပြီး တွေ့လိုက်ရတဲ့အတွက် ကောင်းရာကောင်း ကြောင်းကိစ္စတွေကို ဆက်တိုက်လုပ်ချင်လာတော့ တယ်၊ အဲဒီအချိန်ကစပြီး အများတည်းခိုဖို့ ဇရပ်များ ဆောက်လုပ်ခြင်း၊ လူအများချမ်းချမ်းသာသာ သွား လာနိုင်အောင် လမ်းတွေ တံတားတွေ ဖောက်လုပ် တည်ဆောက်ခြင်း၊ သောက်သုံးရေကန်များ

www.dhammaransi.com



တူးဖော်ခြင်းအစရှိသည်တို့ကိုဆက်တိုက်ဆက်တိုက် လုပ်ဆောင်လာခဲ့တယ်။

သူလုပ်ဆောင်နေတာကိုတွေ့တော့ အခြား အခြား, အခြားသူများကလဲ စိတ်ပါဝင်စားစွာနဲ့ ဝင်ရောက်ကူညီ လုပ်ဆောင်လာကြတယ်၊ အဲဒီ ဝင်ရောက် ကူညီလုပ်ဆောင်ကြတဲ့ ပုဂ္ဂိုလ်များက တော့ သုံးဆယ့်နှစ်ယောက် ဖြစ်တယ်၊ မဃ လုလင်နဲ့ဆိုရင်တော့ သုံးဆယ့်သုံးယောက် ဖြစ်သွား တယ်။

သူတို့တတွေ ဆောင်ရွက်ကြတဲ့အခါမှာ အခြားသူများက အနှောင့်အယှက်မပေးကြဘူးလား ဆိုတော့ အများကြီးပေးခဲ့ကြတယ်၊ အနှောင့်အ ယှက်အမျိုးမျိုးကို ကြံ့ကြံ့ခံရပ်တည်ပြီး ဆောင်ရွက် ခဲ့ရတယ်၊ မဃလုလင်ဟာ စိတ်ဓာတ်မကျဘဲ၊ အပတ်တကုတ် ကြိုးစားအားထုတ်ပြီး ဆောင်ရွက် ခဲ့ပါတယ်၊ နောက်ဆုံးတော့ သူပဲ အောင်မြင်မှုတွေ ရရှိသွားခဲ့ပါတယ်။

www.dhammaransi.com

# တရားကောင်းတွေကျင့်သုံးခဲ့လို့

မဃလုလင်ဟာ မိခင်ဖခင်တွေအပေါ်မှာလည်း လုပ်ကျွေးပြုစုတယ်၊ အဘိုးတွေအဘွားတွေသက်ကြီးရွယ်အိုတွေကိုလဲ ရိုသေတယ်၊ လေးစားတယ်၊ ကိုင်းရှိုင်းတယ်၊ မှန်မှန်ကန်ကန်လဲ ပြောဆိုတယ်၊ နူးနူးညံ့ညံ့ချိုချိုသာသာ စကားကိုလဲ ပြောဆိုတယ်။

ဘယ်သောအခါမှ ကုန်းတိုက်စကား မပြောဆိုဘူး၊ လိမ်ညာစကားပြောဆိုမှုမှလဲ ရှောင်ကြဉ်တယ်၊ မစ္ဆရိယလို့ခေါ်တဲ့ တွန့်တိုမှုတရားမရှိဘူး၊ စွန့်ကြဲတယ်၊ ရက်ရောတယ်။

အဲဒီလိုကောင်းမြတ်သော လုပ်ငန်းစဉ်များကို လုပ်ကိုင်တဲ့အခါမှာ ဒီလိုတရားကောင်းတွေကျင့်သုံးလို့ လုပ်ဆောင်ခဲ့တာဖြစ်တဲ့အတွက်

www.dhammaransi.com



မဃလုလင်ဟာ၊ ဘဝဆုံးပြီးတဲ့နောက် တာဝတိံသာနတ်ပြည်မှာ သိကြားမင်း ဖြစ်ခဲ့ရတာပါပဲ။

ဘုန်းကြီးတို့ ဒကာ, ဒကာမများ ဆောင်ရွက်တဲ့ကိစ္စအသွယ်သွယ်တွေဟာ အဲဒီလို အရိယာသူတော်စင်များ လျှောက်လှမ်းခဲ့တဲ့ လမ်းရိုးလမ်းဟောင်းတွေဖြစ်တယ်၊ သူတို့လုပ်ကိုင်ကြရိုး ထုံးတမ်းရှိခဲ့တဲ့ ကောင်းမှုလုပ်ငန်းစဉ်တွေလည်းဖြစ်တယ်။

ဒီကောင်းမှုလုပ်ငန်းစဉ်များကို မိမိတို့တတွေဟာလည်း မမှိတ်မသုန်အောင်မြင်အောင် လုပ်ဆောင်ကြမယ်ဆိုရင်၊ ကောင်းတဲ့အကျိုးတရားတွေဖြစ်ပေါ်လာလိမ့်မယ်လို့ စိတ်ထဲမှာ ယုံယုံကြည်ကြည်နဲ့ ဆက်လက်ကြိုးပမ်းအားထုတ် လုပ်ဆောင်ကြပါ၊ ကောင်းကျိုးချမ်းသာ အဖြာဖြာတွေကို ကေန်မုချ ရရှိကြမှာ ဖြစ်ပါတယ်။

"ငါတို့တတွေ လုပ်ကိုင်နေတဲ့ ကိစ္စတွေဟာ သိကြားမင်း အစရှိတဲ့ အရိယာ သူတော်စင်များ လုပ်ကိုင်ခဲ့တဲ့ ကိစ္စမျိုးတွေပါလား"လို့ စိတ်ထဲမှာ တွေးပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ကြပါ။

www.dhammaransi.com

# ရဲဝံ့ကြိုးပမ်း
# အောင်ဆုလှမ်းတရားတော်

ယနေ့ဟောကြားမယ့် ရဲဝံ့ကြိုးပမ်း အောင်ဆုလှမ်းဆိုတဲ့ တရားဒေသနာကို စတင်ပြီးတော့ နာယူကြရအောင်။

ဧကံသမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿအာရာမေ၊

ဧကံ၊ တစ်ပါးသော၊ သမယံ၊ အခါ၌၊ ဘဂဝါ၊ ဘုန်းတော်သခင်ရှင်ပင် မြတ်ဘုရားသည် သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌၊ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၏ အနီးအနားဖြစ်ပါပေသော၊ အနာထပိဏ္ဍိကဿ အာရာမေ၊ အနာထပိဏ်သူဌေး၏ နှလုံးမွေ့လျော် ပျော်ဖွယ်ရာဖြစ်ပါပေသော၊ ဇေတဝနေ၊ ဇေတဝန်ခေါ်တောင်း မြတ်ရွှေကျောင်း၌ ဝိဟရတိ၊ ဣရိယာပထ မျှတရွှင်ပြုံး သီတင်းသုံး နေထိုင်တော်မူပါပေသတည်း။

www.dhammaransi.com



ဟိုလွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၀၀)ကျော် လောက်အချိန်ကာလတုန်းက ယနေ့ကုရုခ္ခေတ်ယဒေသ ကြီးဟာ တိုင်းတွေပြည်တွေ အသီးသီးရှိခဲ့ကြတယ်၊ ဗုဒ္ဓဘုရားရှင်လက်ထက်တော်အခါ ကာလတုန်းက ကုရုခ္ခေတ်ယဒေသမှာ ထင်ရှားကျော်ကြားခဲ့တဲ့ မြို့တော် ကြီးဟာ (၇) မြို့ရှိခဲ့တယ်။ အဲဒီ(၇)မြို့ထဲမှာသာဝတ္ထိ မြို့တော်လဲ အပါအဝင်ပေါ့။

ယနေ့ကာလမှာတော့ ဘုန်းကြီးတို့ဗုဒ္ဓဂယာ ဘုရားဖူးသွားကြတဲ့ ပုဂ္ဂိုလ်များ ရောက်ဖူးကြပါ တယ်၊ အဲဒီသာဝတ္ထိမြို့တော်ကြီးဟာ ကျေးရွာဖြစ် နေပါပြီ၊ အနိစ္စသဘောပါပဲ ဇေတဝန်ကျောင်းတော် ကြီးရဲ့ မြေနေရာကတော့ ယခုတိုင်တည်ရှိလို့နေပါ သေးတယ်။

မြတ်စွာဘုရားရှင်ဟာ သာဝတ္ထိမြို့တော် ရဲ့ အနီးအနားမှာကျောင်းဒကာအနာထပိဏ်သူဌေး၊ ကျောင်းအစ်မ ပုညလက္ခဏာဒေဝီတို့ ဆောက်လုပ် လှူဒါန်းတဲ့ ဇေတဝန်ကျောင်းတော်ကြီးမှာ သီတင်း သုံးနေထိုင်တော်မူတဲ့ အချိန်အခါမှာ ဒီဒေသနာ တော်ကို ဟောကြားချီးမြှင့်ခဲ့ခြင်း ဖြစ်ပါတယ်။

www.dhammaransi.com

# ကဿပဘုရားရှင် သာသနာတော်နောက်ပိုင်းကာလက

မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်မှာ ရှင်ကုမာရကဿပမထေရ်သူမြတ် တစ်ပါးလဲပဲရှိခဲ့ပါတယ်၊ အဲဒီ မထေရ်သူမြတ်နဲ့ ပတ်သက်ပြီး **ရဲ့ဂုံကြီးပမ်းအောင်ဆုလှမ်း**ဆိုတဲ့ တရားဒေသနာကို ဘုန်းကြီးတို့ ဒကာ, ဒကာမများအား ဟောကြားပေးမှာဖြစ်ပါတယ်။

ယခု ဒီကမ္ဘာကြီးကို ဘဒ္ဒကမ္ဘာလို့ ခေါ်ဆိုကြတယ်၊ ဘာကြောင့် ဘဒ္ဒကမ္ဘာလို့ ခေါ်ရသလဲဆိုရင်၊ ကောင်းမြတ်တဲ့ ကမ္ဘာကြီးဖြစ်လို့ပါပဲ။

ဒီဘဒ္ဒကမ္ဘာကြီးဟာ ဘာကြောင့်များ ကောင်းမြတ်တာလဲဆိုရင်တော့ ဘုရားငါးဆူပွင့်တဲ့ ကမ္ဘာဖြစ်လို့ပဲ၊ အခြား,အခြားကမ္ဘာတွေ ဖြစ်တဲ့

www.dhammaransi.com



မဏ္ဍကမ္ဘာ၊ ဝရကမ္ဘာ၊ အဲဒီကမ္ဘာတွေမှာ အလွန်ဆုံးပွင့်ရင် ဘုရားလေးဆူပဲ ပွင့်ခဲ့တာ။

ယခုဘဒ္ဒကမ္ဘာကြီးမှာတော့ ကကုသန်ဘုရားရှင်၊ ကောဏာဂုဏ်ဘုရားရှင်, ကဿပဘုရားရှင်၊ ယခုဘုန်းကြီးတို့ ဒကာဒကာမများကိုးကွယ် ဆည်းကပ် အားထားနေရတဲ့ ဂေါတမဘုရားရှင်ဆိုပြီး၊ ဘုရားလေးဆူ ပွင့်တော်မူသွားပါပြီ၊ အရိ မေတ္တေယျဘုရားတစ်ဆူပွင့်ဖို့ ကျန်ရှိနေပါသေးတယ်၊ အဲဒီလို ဘုရားငါးဆူပွင့်တဲ့ ကမ္ဘာကြီးဖြစ်လို့ ကောင်းမြတ်တဲ့ ကမ္ဘာကြီးလို့ခေါ်တာဖြစ်ပါတယ်။

အဲဒီလို ပွင့်တော်မူပြီးခဲ့သော ဘုရားရှင်လေးဆူထဲမှာ တတိယမြောက် ပွင့်တော်မူခဲ့တဲ့ကဿပ ဘုရားသာသနာတော်နောက်ပိုင်း ကာလမှာ အချို့အချို့သော ရဟန်းဆိုးများဟာ ဝိနည်းတော်နဲ့မလျော်ညီတဲ့ အလုပ်အကိုင်တွေကို လုပ်ကိုင်လာကြတယ်။

www.dhammaransi.com

# ရဟန်းဆိုးတွေကြောင့် ရဟန်းကောင်းများ စိတ်ပျက်ရ

ဒီအဖြစ်တွေကို မြင်ရတော့၊ရဟန်းတော် (၇)ပါးတို့ဟာ ရဟန်းဆိုးတွေကို တွေ့လိုမြင်လိုစိတ် မရှိကြဘူး၊ သူတို့တွေရဲ့ စိတ်ထဲမှာလည်း အသီး အသီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ပြီး ဆုတ်နစ် ကုန်ကြတယ်။

"ဪ... သာသနာတော်ကြီးနဲ့ မလျော်ကန်တဲ့ အကျင့်တွေ အကျင့်ဆိုးတွေကို လိုက်နာကျင့်သုံးနေကြတဲ့ ပုဂ္ဂိုလ်တွေများလို့နေပြီ၊ မြို့တွေ ရွာတွေမှာ ဆက်လက်ပြီးတော့ ငါတို့တတွေနေထိုင်မယ်ဆိုရင် ရဟန်းကိစ္စ ဓမ္မကိစ္စတွေကို ငါတို့ တတွေ ဆောင်ရွက်ခွင့် ရရှိတော့မှာ မဟုတ်ဘူး၊ အဲဒီတော့ ငါတို့တတွေဟာ မြို့တွေ ရွာတွေနဲ့

www.dhammaransi.com



ဝေးရာဌာနသို့ သွားရောက်လို့ သာသနာ့ ကိစ္စ၊ ဓမ္မကိစ္စများကို ဆောင်ရွက်ကြစို့" လို့ အဲသလို စိတ်တူကိုယ်တူ အသီးသီးတိုင်ပင်ဆုံးဖြတ်ခဲ့ကြ တယ်။

www.dhammaransi.com

# တောင်ထိပ်တရားစခန်းသို့

အဲဒီရဟန်းတော် (၇)ပါးတို့ဟာ မြို့တွေရွာတွေနဲ့ဝေးရာဌာနသို့ ကြွလှမ်းလာခဲ့ကြတယ်၊ အဲသလို ကြွလှမ်းလာခဲ့ကြရင်း အလွန်မြင့်မားလှတဲ့ တောင်ကြီးတစ်တောင်ကို တွေ့လိုက်တဲ့အခါ "ငါတို့တတွေ ရဟန်းကိစ္စ၊ ဓမ္မကိစ္စ ဆောင်ရွက်ရန်အတွက် သင့်တော်တဲ့ နေရာဌာနကိုတော့တွေ့ရပြီ၊ ဒီတောင်ကြီးပေါ်တက်ပြီး သက်စွန့်ကြိုးပမ်း တရားအားထုတ်ကြစို့"

"အဲသလို တစ်ပါးနဲ့တစ်ပါး ပြောဆိုတိုင်ပင်ကြပြီး၊ တောင်ကြီးပေါ်တက်ဖို့ရန် လှေကားကြီးကို လုပ်ဆောင်ကြတယ်။

www.dhammaransi.com



လှေကားကြီး လုပ်ဆောင်ပြီးတဲ့အခါ လှေကားကြီးကိုထောင်လို့ အသီး အသီး၊ တစ်ပါးချင်း, တစ်ပါးချင်း တောင်ထိပ်ပေါ်သို့ တက်ခဲ့ကြတယ်။

www.dhammaransi.com

# လှေကားဖျက်ချ၊ နောက်မဆုတ်ကြ

တောင်ထိပ်ပေါ်ရောက်တဲ့အခါ၊ တစ်ပါးနဲ့ တစ်ပါး ပြောဆိုသတိပေးကြတယ်။

အတ္တနော စိတ္တဗလံ ဇာနန္တာ နိဿေဏိံ ပါတန္တု၊ ငါ့ရှင်တို့ မိမိရဲ့စိတ်စွမ်းအားကို သိကြသူတွေဟာ လှေကားကြီးကို အောက်ချလိုက်ကြ၊ ဇီဝိတေ သာလယာ နိဝတ္တန္တု၊ မိမိအသက်၌ ငြိတွယ်နှမြောကြ သူတို့ဟာ ဆုတ်နစ်ကြ၊ နောက်ဆုတ်ကြ။

မာပစ္ဆာနုတာပိနော အဟုဝတ္ထ၊ နောက်အခါမှ နောင်တတစ်ဖန်, ပူပန်မှု မဖြစ်ကြလင့်။

www.dhammaransi.com



အဲဒီလို တစ်ပါးနဲ့တစ်ပါး ပြောဆိုလိုက်တဲ့အခါ ဘယ်သူမှ နောက်မဆုတ်ကြဘူး၊ ဘယ်သူမှ နောက်မဆုတ်တဲ့အတွက် လှေကားကြီးကို ဖျက်ချပစ်လိုက်ကြတယ်။

www.dhammaransi.com

# ကိလေသာရန်သူကို တိုက်ပွဲဆင်ဖို့ တောင်ထိပ်ပေါ်အရောက် ကြွခဲ့ကြတာ

ရဟန်းတော် (၇)ပါးဟာ၊ လောဘ, ဒေါသ, မောဟဆိုတဲ့ ကိလေသာရန်သူတွေကို အပြိုင်ဆင်နွှဲ၊ တိုက်ပွဲများဆင်ရအောင် သက်စွန့်ကြိုးပမ်း တောင်ထိပ်ပေါ် တက်ရောက်လာခဲ့ကြတဲ့ ပုဂ္ဂိုလ်များ ဖြစ်တယ်။

တကယ်တော့ ပကတိစစ်တပ်များ တိုက်ခိုက်ကြတဲ့အခါ ကိုယ်က အင်အားသာတယ်ဆိုရင်၊ ကိုယ်က နိုင်နိုင်စရာရှိနိုင်ပေမယ့်၊ ရှုံးသွားတဲ့သူများကလည်း နောင်အခါ အင်အားကြီးမားလာပြီး ကိုယ့်အပေါ်ပြန်အနိုင်ယူနိုင်သေးတယ်။

www.dhammaransi.com



လောဘရန်သူ, ဒေါသရန်သူ, မောဟရန်သူ, ကိလေသာရန်သူတွေကို အနိုင်များ တိုက်ခိုက်နိုင်ပြီဆိုရင်တော့ အဲဒီပုဂ္ဂိုလ်တွေဟာ အောင်မြင်သူအစစ်ပဲ၊ ဘယ်သောအခါမှ သူတပါးကသူ့ကို အောင်မြင်နိုင်တော့မှာ မဟုတ်ဘူး။

ဘာကြောင့်လဲဆိုတော့ ဒီလောဘ, ဒေါသ, မောဟအကုသိုလ် ရန်သူတွေကို သတ္တဝါများအနေနဲ့ ဒီသံသရာတစ်ခွင်လုံး တစ်စဉ်လုံး အရှုံးပေးလာခဲ့ကြရတာကိုး အဲဒီအကုသိုလ်ရန်သူတွေဟာ အနိုင်ယူပယ်သတ်နိုင်တဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဘယ်အခါမှ ပြန်မဖြစ်နိုင်တော့လို့ပါပဲ။ ဒီလိုအရှုံးပေးခဲ့ရတဲ့ အကုသိုလ် ရန်သူကို တိုက်ခိုက်တဲ့အခါ သက်စွန့်ကြိုးပမ်း တိုက်ခိုက်မှ အောင်မြင်မယ်။

ဒီအချက်ကို ရဟန်း(၇)ပါးတို့ဟာ အသီးသီးသဘောပေါက်ကြလို့ လှေကားကြီးကို ဖျက်ချတယ်၊ ဖျက်ချပြီးတော့ အသီးအသီး တရားများကိုကြိုးစားအားထုတ်ခဲ့ကြပါတယ်။

www.dhammaransi.com

# ကိုယ့်အစွမ်းအစနှင့် ရရှိသော ဆွမ်းဘောဇဉ်ကိုသာ သုံးဆောင်ပါအံ့

ကြိုးစားအားထုတ်လို့ ငါးရက်မြောက်တဲ့နေ့မှာ အကြီးဆုံး မထေရ်ကြီးဟာ ရဟန္တာဖြစ်သွားခဲ့တယ်။

မထေရ်ကြီးဟာ အဘိညာဉ်တွေ ပဋိသမ္ဘိဒါ အခြံအရံတွေနဲ့ ရဟန္တာဖြစ်သွားတာဆိုတော့ တန်ခိုးတော်နဲ့ တောင်အောက်ကိုဆင်းလို့ မြောက်ကျွန်းကို ကြွရောက်ကာ ဆွမ်းခံဝင်တော်မူခဲ့တယ်။

ရရှိလာသော ဆွမ်းဘောဇဉ်များကို တောင်ထိပ်ပေါ်သို့ ယူဆောင်လို့ သီတင်းသုံးဖော် ရဟန်းတော်များအား ဖိတ်မန္တကပြုခဲ့တယ်။

www.dhammaransi.com



"ငါ့ရှင်တို့၊ ဤဆွမ်းကို ဘုဉ်းပေးသုံးဆောင်ကြပါ၊ ငါ့ရှင်တို့ ဆွမ်းဘောဇဉ်အတွက် ကြောင့်ကျမှုကင်းကင်းနဲ့ တရားတော်များကို ကြိုးစားအားထုတ်ကြပါ၊ တပည့်တော်သည် ငါ့ရှင်တို့ရဲ့ ဆွမ်းဘောဇဉ် ကိစ္စအတွက် တာဝန်ယူပါတယ်"လို့ အဲသလို ဖိတ်မန္တကပြုခဲ့တယ်၊ ဒီတော့ ရဟန်းတော်ခြောက်ပါးက ဘယ်လိုများ ပြောကြ တုန်းဆိုတော့-

"အရှင်ဘုရား တပည့်တော်တို့ တောင်ထိပ်သို့ တက်လာစဉ် ကာလတုန်းက ပထမဦးစွာ ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ ကျန်တဲ့ သိတင်းသုံးဖော် ရဟန်းများရဲ့ ဆွမ်းဘောဇဉ်ကိစ္စအတွက် တာဝန်ယူရမယ်ဆိုပြီး ကတိကဝတ်များ ထားရှိပါသလားဘုရား"

အဲဒီအခါမှာ ရဟန္တာမထေရ်မြတ်ကြီးက-

"ငါ့ရှင်တို့ အဲဒီလို ကတိကဝတ်များတော့ မထားခဲ့ပါဘူး"

"ဒါဆိုရင် အရှင်ဘုရားဟာ ယခုလို ပါရမီကံတွေ ပါရှိလာတဲ့အတွက် ရဟန္တာအဖြစ်သို့ ရောက်ရှိသွားခဲ့ပါပြီ၊ တပည့်တော်တို့လည်းပဲ တပည့်တော်တို့ ပါရမီကံတွေ ရှိကြမယ်ဆိုရင်

www.dhammaransi.com



အရှင်ဘုရားလိုပဲ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်ကြမှာပါဘုရား၊ အရှင်ဘုရား အစွမ်းအစနဲ့ ရရှိလာတဲ့ ဆွမ်းဘောဇဉ်ကို အရှင်ဘုရားသာလျှင် ဘုဉ်းပေးသုံးဆောင်တော်မူပါဘုရား၊ တပည့်တော်တို့ တတွေလည်းပဲ၊ ကိုယ့်အစွမ်းအစနဲ့ရရှိလာမှသာ ဆွမ်းဘောဇဉ်များကို ဘုဉ်းပေးသုံးဆောင်ကြမှာပါ ဘုရား။

အဲဒီလို ရဟန်းတော်များက ယတိပြတ်လျှောက်ထားလိုက်ကြတယ်၊ တကယ့်အာဇာနည်ပီသတဲ့ ရဟန်းတော်တွေပါ။

ဒီတော့ ရဟန္တာမထေရ်မြတ်ကြီးက အမျိုးမျိုးဖြောင်းဖျပြောဆိုတယ်။

"ငါ့ရှင်တို့၊ အဲဒီလို ပြောတာမဟုတ်ပါဘူး၊ အဲဒီလို ဆိုလိုတာမဟုတ်ပါဘူး၊ ငါ့ရှင်တို့ တရားတော်များ ကြိုးစားအားထုတ်တဲ့အခါ တရားထူးအသိအမြင်များလည်း ရရှိကြပါစေ၊ ဆွမ်းဘောဇဉ်လည်း အဆင်ပြေပါစေ၊ အဲဒီလို ကောင်းမြတ်တဲ့ စေတနာ နဲ့ လျှောက်ထားတာပါ" အစရှိသည်ဖြင့် အမျိုးမျိုး ဖြောင်းဖျပြောဆိုတယ်။

ဒါပေမယ့် ရဟန်းတော်ခြောက်ပါးတို့က လုံးဝ လက်မခံဘူး၊ နောက်ဆုံးတော့ ရဟန္တာ

www.dhammaransi.com



မထေရ်ကြီးဟာ ဖြောင်းဖျပြောဆိုလို့ မရတဲ့ အဆုံး မိမိနှင့်သင့်တော်ရာဌာနသို့ ကြွရောက်သွားပါ တော့တယ်။

www.dhammaransi.com

# ဒုတိယမထေရ်လည်း တာဝန်ကျေ

နောက် (၇)ရက်မြောက်တဲ့နေ့မှာ ဒုတိယမြောက် အသက်ကြီးဆုံးမထေရ်ကြီးဟာ အနာဂါမ် ဖြစ်လို့ သွားခဲ့တယ်။

ဘုန်းကြီးတို့ ဗုဒ္ဓသာသနာမှာ အဆင့်(၄)ဆင့်ရှိတယ်၊ အဲဒါက သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ၊ အဲသလိုအဆင့်(၄)ဆင့်ရှိတယ်။

ယခု ဒုတိယမြောက်မထေရ်ကြီးဟာ တတိယအဆင့် အနာဂါမ် ဖြစ်လို့သွားခဲ့တာ၊ ရိုးရိုးအနာဂါမ်တော့မဟုတ်ဘူး၊ အဘိညာဏ်အခြံအရံနဲ့ ဖြစ်လို့သွားခဲ့တာ၊ ဒါကြောင့် မထေရ်ကြီးလည်း တန်ခိုးတော်နဲ့ကြွနိုင်တယ်။

အဲဒါကြောင့် တန်ခိုးတော်နဲ့တောင်အောက်ကိုဆင်း မြောက်ကျွန်းကိုကြွရောက်ပြီး ဆွမ်းခံ

www.dhammaransi.com



ဝင်တယ်၊ ရရှိလာတဲ့ ဆွမ်းဘောဇဉ်များကို ပထမရဟန္တာ မထေရ်ကြီးနည်းတူ၊ ကျန်တဲ့ ရဟန်း ငါးပါးတို့အား ဖိတ်မန္တကပြုခဲ့ပြန်တယ်။

အနာဂါမ် မထေရ်ကြီးဟာလည်း ပထမ ရဟန္တာမထေရ်ကြီး လျှောက်ထားခဲ့သလို လျှောက် ထားပြန်တယ်၊ ရဟန်းတော်ငါးပါးတို့ကလည်း လျှောက်ထားချက်ကို အသီးသီး လက်မခံခဲ့ကြဘူး။

ဒီတော့ အနာဂါမ်မထေရ်ကြီးလည်း "ငါ့ တာဝန်တော့ကျေပြီ" လို့ နှလုံးသွင်းပြီး သင့်တော်ရာ နေရာဌာနသို့ ကြွရောက်သွားခဲ့ပြန်ပါတယ်။

www.dhammaransi.com

# တရားထူးမရသော်လည်း နတ်ချမ်းသာရခဲ့

ကျန်ခဲ့တဲ့ ရဟန်းတော်ငါးပါးတို့ဟာ တရားတော်များကို ကြိုးစားအားထုတ်ရင်း ဆွမ်းဘောဇဉ်ကို မဘုဉ်းပေးမသုံးဆောင်၊ တရားထူးများလဲ မဆိုက်ခဲ့၊ ဒါနဲ့ပဲ ခန္ဓာကိုယ်ကြုလှီပိန်ကပ် ခြောက်သွေ့လို့ အသီးသီးဘဝနတ်နန်း စံမြန်းခဲ့ကြရတယ်၊ အာဇာ နည်ပီသတဲ့ ရဟန်းတော်တွေပါ။

သူတို့ဟာ သက်စွန့်ကြိုးပမ်း အားထုတ်ကြတယ် "အစားအသောက်ကို ငါတို့တန်ခိုးများရရှိမှ၊ ငါတို့တန်ခိုးနဲ့ရရှိလာတဲ့ ဆွမ်းဘောဇဉ်ကို ဘုဉ်းပေးမယ်၊ သုံးဆောင်မယ်"လို့ အဲသလို ခိုင်မာတဲ့ သန္နိဋ္ဌာန် ဆုံးဖြတ်ချက်ချလို့ ကြိုးစား အားထုတ်ခဲ့ကြတာကိုး။

www.dhammaransi.com



သူတို့တတွေဟာ တာဝတိံသာနတ်တို့ပြည်မှာ သုဂတိချမ်းသာများကို ရရှိခံစားခဲ့ကြရတယ်၊ ဒီနေရာမှာ မှတ်သားစရာကောင်းတဲ့ အချက်ရှိတယ်၊ မဃဒေဝကျမ်းပြု မာန်လည် ဆရာတော်ဘုရားကြီး အမိန့်ရှိခဲ့တယ်။

*** လုံ့လမထူ၊ နတ်မကူဘူး၊ လူလည်းလုံ့လ၊ နတ်လည်းမ၏၊**

လုံ့လမထူလို့ကတော့၊ ဘယ်နတ်ဒေဝါတို့မှ မကူညီဘူးတဲ့၊ ဘာကြောင့်တုန်းဆိုတော့ အပျင်းသမားကို ကူညီလိုက်လို့၊ ကိစ္စအသွယ်သွယ်ဟာ ပြီးမှ မပြီးနိုင်ပဲကိုး။

လုံ့လတွေထူမှ နတ်ဒေဝတာတွေကလည်းပဲ ကူညီစောင့်ရှောက်ကြတာတဲ့၊ ဒီသဘောဟာ ထင်ရှားလို့လာတော့မှာပါ။

www.dhammaransi.com

# ဂေါတမဘုရားရှင် လက်ထက်ကျ ဖြစ်လာခဲ့ရသူတို့ဘဝ

အဲသလို ရဟန်းတော်ငါးပါးတို့ဟာ အသီးသီးနတ်သားဖြစ်လို့၊ ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာဘုရားပွင့်တော်မူတဲ့အခါ တစ်ယောက်သော နတ်သားက ဘယ်မှာသွားဖြစ်လဲဆိုတော့ မဇ္ဈိမနိကတိုင်း၊ ပရဗိုဇ်မတစ်ဦးရဲ့ ဝမ်းဗိုက်မှာ ပဋိသန္ဓေတည်ပြီး မွေးဖွားတယ်၊ အရွယ်ရောက်တဲ့အခါ သူ့ကိုဘယ်လိုများခေါ်ကြသတုန်းဆိုတော့ သဘိယပရဗိုဇ်တဲ့။

တစ်ယောက်သော နတ်သားက ဘယ်မှာသွားဖြစ်တုန်းဆိုတော့ တက္ကသိုလ်တိုင်းပြည် မင်းနန်းတော် မိဖုရားခေါင်ကြီးဝမ်းမှာ ပဋိသန္ဓေစွဲကပ်ပြီးနောက်၊ မွေးဖွားသန့်စင်လာတဲ့အခါ ပက္ကုသာတိမင်းလို့ ခေါ်ဆိုကြပါတယ်။

www.dhammaransi.com



နောက်တစ်ယောက်သော နတ်သားက ဗာဟိယတိုင်း ကုန်သည်မျိုးရိုးမှာ ပဋိသန္ဓေတည်ပြီးတော့ မွေးဖွားလာတယ် သူ့ကိုလည်းပဲ တိုင်းနာမည်နဲ့ နာမည်ပေးခဲ့ကြတယ်၊ ဗာဟိယဒါရုစီရိယလို့ ထင်ရှားကျော် ကြားပါတယ်။

နောက်တစ်ယောက်သော နတ်သားက မလ္လတိုင်း အနုပိယမြို့ မလ္လမင်းတစ်ဦးရဲ့ သားတော်သွားဖြစ်တယ်၊ သူ့ရဲ့နာမည်က ဒဗ္ဗတဲ့။

တစ်ယောက်သော နတ်သားက ကုမာရကဿပတဲ့၊ ရဟန်းတရားအားထုတ်ကြတဲ့ အခါမှာ သုဒ္ဓါဝါသ ဗြဟ္မာကြီးက ကူညီခဲ့တယ်၊ ဒီလို ကူညီခဲ့တဲ့အတွက် သူတို့ဟာ အသီးသီးတရားထူးတွေရရှိပြီးတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားနိုင်ခဲ့ကြတယ်။

www.dhammaransi.com

# ဘိက္ခုနီမ ဝတ်ပါရစေ

ဒီနေရာမှာ ရှင်ကုမာရကဿပအကြောင်းကို ဘုန်းကြီးတို့ ဒကာဒကာမများအား ဟောကြားသွားမှာဖြစ်ပါတယ်။

ရာဇဂြိုဟ်မြို့မှာ ရာဇဂြိုဟ်သူဌေး သူဌေးကတော်မိသားစုတစ်စုလည်းပဲ ရှိခဲ့ကြတယ်၊ သူတို့မှာ တစ်ဦးတည်းသော သမီးလေး မွေးဖွားလို့ ဒီတစ်ဦးတည်းသော သမီးလေး အရွယ်ရောက်လာတဲ့အခါ အဲဒီသမီးလေးဟာ အခြားအခြားသော အမျိုးသမီးများနှင့်မတူ ဘိက္ခုနီမဝတ်ချင်တယ်တဲ့၊ ယခုခေတ်ကာလမှာ အချို့, အချို့သော အမျိုးသမီးများ သီလရှင်ဝတ်ချင်သလိုပေါ့။

ယခုလည်း အဲဒီသူဌေးသမီးကလေးဟာ ဘိက္ခုနီမ ဝတ်ချင်လို့ "ဖေဖေတို့ မေမေတို့၊

www.dhammaransi.com



သမီးဟာ ဃရာဝါသလူ့ကိစ္စမှာ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်မှုမရှိပါဘူး၊ သမီး ဘိက္ခုနီမ ဝတ်ပါရစေ" အဲသလို မိဘများအား ခွင့်တောင်းတယ်။

မိဘတွေက ဘယ်လိုများ ပြောတုန်းဆိုတော့ ...

"ချစ်သမီး၊ ငါတို့အိမ်ဟာ ပစ္စည်းဥစ္စာတွေကအလွန်များပြားဟယ်၊ ချစ်သမီးဟာလည်း တစ်ဦးတည်းဖြစ်တယ်၊ သမီးကလေး ဘိက္ခုနီမ ဝတ်သွားမယ်ဆိုရင် ငါတို့အမွေတွေ ဆက်ခံဖို့ တစ်ဦးတစ်ယောက်မှ မရှိတော့ဘူး၊ ငါတို့မျိုးရိုးဟာလဲ ပြတ်သွားတော့မှာပေါ့၊ ချစ်သမီး ဘိက္ခုနီမ မဝတ်ပါနဲ့" အဲသလို သမီးလေးကို ဖြောင်းဖျ ပြောလို့ ဘိက္ခုနီမဝတ်ဖို့ရန် ခွင့်မပြုကြဘူးတဲ့။

ဒါပေမယ့် အဲဒီသူဌေးသမီးလေး လက်လျှော့သလားဆိုတော့ လက်မလျှော့ပါဘူး၊ နောင်အခွင့်သာခဲ့ရင် ဘိက္ခုနီမဝတ်မယ်လို့ အဲဒီလိုပဲ သန္နိဋ္ဌာန်မြဲမြဲချထားတယ်။

www.dhammaransi.com

# အိမ်ထောင်ညွှတ်ကွင်း သံချိုင့်တွင်းသို့

နောင်သောအခါ အဲဒီသူဌေးသမီးကို အိမ်ထောင်ချပေးလိုက်လို့၊ အိမ်ထောင်ကျသွားခဲ့ပါပြီ၊ အိမ်ထောင်ကျသွားပြီးတဲ့နောက်၊ သူတို့ ရာဇဂြိုဟ်မြို့မှာ နှစ်စဉ်ကျင်းပတဲ့ နက္ခတ်ပွဲသဘင်ကြီး အကြီးအကျယ် ကျင်းပခဲ့ပါတယ်။

အခြားအခြားသော အမျိုးသမီးတွေကတော့ ဖီးလိုလိမ်းလို့ ဝတ်စားဆင်ယင်လို့ သူဌေးသမီးလေးကတော့ မဖီးမလိမ်း မဆင်ယင်ဘူးတဲ့။

ဒီတော့ ခင်ပွန်းဖြစ်သူ သူဌေးသားက–

"ရှင်မရေ ဘာကြောင့်များ မဖီးမလိမ်း မပြင်ဆင်တာတုန်း အခြား, အခြားသော အမျိုးသမီးတွေဆိုရင် ဖီးလိမ်းပြင်ဆင်လို့ ဝတ်ဆင်ခြယ်သလို့ ပွဲကြီးထဲမှာ ပျော်ပျော်ပါးပါးနဲ့ လှည့်လည်

www.dhammaransi.com



နေလိုက်ကြတာ၊ ရှင်မလည်း သူများနည်းတူ ဖိ လိမ်းပြင်ဆင်ပါအုံး” အဲသလို ပြောလိုက်တဲ့အခါ၊ သူဌေးသမီးလေးက သူ့ခင်ပွန်း သူဌေးသားကို ပြောတယ်။

“အစ်ကိုကြီး၊ ဒီခန္ဓာကိုယ် အပုပ်ကောင်ကို ပြင်ဆင်နေလို့ ဘာအကျိုးရှိမှာတုန်း၊ ကျွန်မတို့ ရရှိထားတဲ့ ခန္ဓာကိုယ်ကြီးဟာ တန်ခိုးရှင် တစ်ဦးက ဖန်ဆင်းပေးလိုက်တာလဲမဟုတ်ဘူး၊ ဗြဟ္မာကြီး တစ်ဦးက ဖန်ဆင်းပေးလိုက်တာလဲမဟုတ်ဘူး၊ နတ်ဒေဝတာတစ်ဦးက ဖန်ဆင်း ပေးလိုက်တာလဲ မဟုတ်ဘူး၊ ဒီခန္ဓာကိုယ်ကြီးထဲမှာ အမြိုက်ဆေးပေါ့ ထည့်ထားတာလဲမဟုတ်ဘူး၊ ဒီခန္ဓာကိုယ်ကြီး ထဲမှာ အပုပ်တွေနဲ့ ပြည့်နေတယ်၊

အစ်ကိုကြီး ဥပမာအနေနဲ့ ပြောရမယ်ဆိုရင် အပုပ်တွေ ထည့်ထားတဲ့ အိုးကြီးရဲ့ အပြင်ဘက်မှာ၊ ပန်းချီဆေးရေးအရုပ်များ ခြယ်သထားသလို ဖြစ်တော့မှာပေါ့၊ ခန္ဓာကိုယ်အပုပ်ကောင်ကြီးရဲ့ အပြင်ဘက်ကနေ လှပအောင် ပြင်ဆင်ကြတာဟာအပိုပဲပေါ့” အဲသလို သူဌေးသမီးလေးက ပြောဆိုလိုက်တဲ့အခါ၊ သူဌေးသားက–

www.dhammaransi.com



"ရှင်မရေ ရှင်မဟာ ဒီလို တရားသဘော တွေသိမြင်နေပါလျက်နဲ့ ဘာကြောင့်များ အိမ်ထောင်ပြုလာခဲ့တာတုံး"

ဒီတော့ သူဌေးသမီးလေးမှာ ပြောဆိုဖို့ရန် အခွင့်အရေးတစ်ရပ် ရရှိသွားတော့တယ်။

"အစ်ကိုကြီး၊ ကျွန်မဟာ မိဘများထံနေစဉ် ကာလတုန်းကတည်းက ဘိက္ခုနီမ ဝတ်ချင်နေတာပါ၊ ဒါပေမယ့် မိဘများက ခွင့်မပြုခဲ့လို့ မဝတ်ရတာပါ၊ ယခု အစ်ကိုကြီးက ခွင့်ပြုမယ်ဆိုရင် ယနေ့ခွင့်ပြုပါက ယနေ့ပင် ဘိက္ခုနီမ ဝတ်ပါမယ်" လို့ ပြောသတဲ့။

# ဘိက္ခုနီမဘဝသို့

ဒီတော့ သူနဲ့ အိမ်ထောင်ကျတဲ့ ခင်ပွန်း သူဌေးသားဟာမမ္မစန္ဒရှိတဲ့သူဖြစ်နေတော့ သူကလဲ ကုသိုလ်ကောင်းမှု ဝါသနာပါတာကို၊

"ကောင်းပြီရှင်မ၊ ရှင်မဝတ်ချင်တယ်ဆိုရင်၊ အစ်ကိုကြီးခွင့်ပြုတယ်" လို့ ပြောဆိုခွင့်ပြုလိုက်

www.dhammaransi.com



တယ်၊ နောက်တော့ မိမိရဲ့ ဇနီးသုဇ္ဇွေးသမီးလေးကို ဘိက္ခုနီမကျောင်းကို ပို့ဆောင်လိုက်သတဲ့။

ရောက်ရှိသွားတဲ့ ဘိက္ခုနီမကျောင်းဟာ အရှင်ဒေဝဒတ် ဩဝါဒခံ ဘိက္ခုနီမ ကျောင်းဖြစ်နေတယ်၊ အဲဒီအချိန်တုန်းက အရှင်ဒေဝဒတ်ဟာ မြတ်စွာဘုရားသခင်နဲ့ တစ်ဂိုဏ်းခွဲပြီး သီးသန့်ထောင်နေတဲ့အချိန်၊ ဂယာသီသမှာ နေထိုင်ခဲ့တာ၊ သူတို့ကတော့ မြတ်စွာဘုရားရှင်ရဲ့ တပည့်သာဝက ဘိက္ခုနီမတွေပဲလို့ ထင်ထားခဲ့တာကိုး။

www.dhammaransi.com

# ကိုယ်ဝန်အရင့်အမာနှင့် ဘိက္ခုနီမလေး

နောက် (၇)လ၊ (၈)လလောက်ရှိတဲ့အခါ ဘိက္ခုနီမလေး ကိုယ်ဝန်ဟာ အရင့်အမာဖြစ်လို့ လာတယ်၊ သူဟာ ကိုယ်ဝန်ရှိမှန်းမသိဘဲနဲ့ ဘိက္ခုနီမဝတ်လာတာကိုး။

ဒီတော့ အခြား, အခြားဘိက္ခုနီမများက ပြောကြတယ်။

"ဒီဘိက္ခုနီမလေး ရဟန်းဖြစ်လာတာ ခဲခဲယဉ်းယဉ်းနဲ့ ဖြစ်လာရတာ၊ သူ့ကို ချက်ချင်းလက်ငင်း လူဝတ်လဲပေးလိုက်လို့ မကောင်းဘူး အဲဒီတော့ ငါတို့ဆရာ အရှင်ဒေဝဒတ်ထံ အဆုံးအဖြတ်ခံမယ်"

www.dhammaransi.com



အဲသလို တစ်ပါးနဲ့ တစ်ပါးပြောလို့ ဘိက္ခုနီမလေးကို ခေါ်ပြီးတော့ အရှင်ဒေဝဒတ်ထံ အဆုံးအဖြတ် ခံခဲ့ကြတယ်။

အဲဒီတော့ အရှင်ဒေဝဒတ်က စဉ်းစားတယ်။

"ငြော် ငါ့ရဲ့ သြဝါဒခံ ဘိက္ခုနီမများဟာ ဒီလို ကိုယ်ဝန်အရင့်အမာ ပေါ်ပေါက်သတဲ့၊ မကောင်းတဲ့ ကျော်စောသတင်းတွေ ထွက်လာလိမ့်မယ်၊ မဖြစ်ချေဘူး" အဲသလို သူက စဉ်းစားလို့ သနားကြင်နာမှု ကလဲ မရှိတဲ့သူ ဖြစ်လေတော့ လွယ်လွယ်ကူကူပဲ ဆုံးဖြတ်လိုက်တယ်။

"ဆင်ခြေရာကြီးတွေကိုတွေ့နေမှ ဆင်ကောင်လုံးကြီးဆိုတာ ထင်ရှားနေတာပဲ၊ ကိုယ်ဝန်အရင့်အမာပေါ်ပေါက်နေမှ သူ့ရဲ့သီလဟာ မစင်ကြယ်တော့ဘူး၊ လူဝတ်လဲပေးလိုက်ကြ"

အဲသလို အမိန့်ချလိုက်တယ်၊

ဒီတော့ ဘိက္ခုနီမလေးဟာ အခြားအခြား ဘိက္ခုနီမကြီးတွေကို သနားစဖွယ် တောင်းပန်ရာတယ်။

"အရှင်မတို့၊ တပည့်တော်မဟာ ဟောဒီ အရှင်ဒေဝဒတ်ထံမှာ ဘိက္ခုနီမဝတ်ခဲ့တာ မဟုတ်

www.dhammaransi.com



ပါဘူး၊ အရှင်ဒေဝဒတ်ဟာ မြတ်စွာဘုရားရှင်လည်း မဟုတ်ပါဘူး။

တပည့်တော်မ ဘိက္ခုနီမဝတ်ခဲ့ရတာ ခက်ခက်ခဲခဲနဲ့ ဝတ်ဆင်လာခဲ့ရတာပါ၊ တပည့်တော်မကို မြတ်စွာဘုရားရှင်ထံ ပို့ဆောင်ပေးကြပါ၊ မြတ်စွာဘုရားရှင်ရဲ့ အဆုံးအဖြတ်ကို ခံယူပါမယ်" အဲသလို သနားစဖွယ် တောင်းပန်ရှာတယ်။

ဒီတော့လည်းပဲ ဘိက္ခုနီမကြီးများက သူတို့လက်က လွတ်သွားရင် သူတို့အဖို့ တာဝန်အေးသွားမှာကိုး၊ သူတို့အဖို့ကောင်းသွားမှာကိုး၊ အရှင်ဒေဝဒတ်ရဲ့ အပြစ်တင်ခံရမှုမှ လွတ်ကင်းသွားမယ်။

အဲဒီတော့ ဘိက္ခုနီမကြီးများက ဘိက္ခုနီမလေးကိုခေါ်လို့ မြတ်စွာဘုရားရှင်ထံ ပို့ဆောင်ပေးလိုက်ကြတယ်။

## အစိကရုဏ်းကို အမှန်ဆုံးဖြတ်ဖို့

မြတ်စွာဘုရားရှင်က သဗ္ဗညုတ ဉာဏ်တော်သခင် ဘုရားရှင်ဆိုတော့ မြင်လိုက်တာနဲ့ သိရှိတော်

www.dhammaransi.com



မှုပါတယ်၊ သို့ပေမယ့် အချို့အချို့သော မကြည်လင်တဲ့ပုဂ္ဂိုလ်များက ပြောဆိုကြလိမ့်မယ်။

"သြော် မြတ်စွာဘုရားရှင်ဟာ ဒေဝဒတ်ရဲ့ အသင်းအပင်း ဘိက္ခုနီမကိုခေါ်ဆောင်ထားတယ်" အဲသလို ပြောဆိုကြလိမ့်မယ်၊ သူတို့ပြောဆိုမှု မဖြစ်ရအောင်၊ မြတ်စွာဘုရားရှင်က ပရိသတ်လေးပါးရဲ့ အလယ်မှာ အရှင်ဥပါလိကို ဒီအဓိကရဏ်းကို ဆုံးဖြတ်ပေးဖို့အတွက် လွှဲအပ်ပေးတော်မူလိုက်တယ်။

အရှင်ဥပါလိဟာ မြတ်စွာဘုရားရှင်ရဲ့ လွှဲအပ်ချက်အရ စဉ်းစဉ်းစားစားနဲ့ လုပ်ကိုင်ဆောင်ရွက်ခဲ့တယ်၊ ဝိသာခါဦးဆောင်တဲ့ အမျိုးသမီးကြီးများကို ခေါ်လို့-

"ဒါယိကာမကြီးတို့ ဘိက္ခုနီမလေး ရရှိခဲ့တဲ့ ပဋိသန္ဓေဟာ ဘိက္ခုနီမဝတ်ခင်က ရရှိခဲ့တာလား ဘိက္ခုနီမဝတ်ပြီး နောက်မှ ရရှိခဲ့တာလား မေးမြန်းပေးပါ၊ စုံစမ်းပေးပါ" အဲသလို အရှင်ဥပါလိက ဝိသာခါကျောင်းအစ်မကြီးတို့ထံ အပ်နှံလိုက်တယ်၊

ဝိသာခါ ကျောင်းအစ်မကြီး ဦးဆောင်တဲ့ အမျိုးသမီးကြီးများဟာ တင်းတိမ်ကန့်လန့်ကာများ

www.dhammaransi.com



ကာရံလို့ ဘိက္ခုနီမလေးကို ခေါ်ပြီးတော့၊ လက်တွေ၊ ခြေတွေဝမ်းဗိုက်တွေကို စမ်းသပ်ကြတယ်။

"အရှင်မ အရှင်မဟာ ဘယ်နေ့ဘယ်ရက်က ဘိက္ခုနီမဝတ်လာခဲ့တာတုန်း၊ ဘယ်နေ့ ဘယ်ရက်က အိမ်ထောင်ကျခဲ့တာတုန်း" အစရှိသည်ဖြင့်မေးလို့၊ အမျိုးသမီးအချင်းချင်းဆိုတော့ အလွယ်တကူပဲသိရှိသဘောပေါက်သွားကြပါတယ်။

# သီလဖြူစင်သည့်အတွက်

ဘိက္ခုနီမလေးရဲ့ သီလဟာ ဖြူစင်တယ်၊ သန့်ရှင်းတယ်လို့ သိကြတဲ့အတွက် အရှင်ဥပါလိအား လျှောက်ထားခဲ့ကြတယ်။

အရှင်ဥပါလိဟာ ရဲရဲတောက် ဆုံးဖြတ်ချက်ချခဲ့ပါတယ်၊ "ဒီဘိက္ခုနီမလေးရဲ့ သီလသိက္ခာဖြူစင်တယ်၊ သန့်ရှင်းတယ်၊ စင်ကြယ်တယ်၊ သူ့မှာအစွန်းအထင်း လုံးဝမရှိပါ၊ ရရှိခဲ့တဲ့ ကိုယ်ဝန်ဟာလူဘဝက ရရှိခဲ့တာဖြစ်တယ်"လို့ ရဲရဲတောက်

www.dhammaransi.com



ဆုံးဖြတ်ချက်ချလိုက်တဲ့အခါ မြတ်စွာဘုရားရှင်ကလည်း ကောင်းချီးများပေးတော်မူခဲ့တယ်။

"သုဝိနိစ္ဆိတံ အဓိကရဏံ ဥပါလိနာ၊ ဥပါလိမထေရ်သည် အဓိကရဏံ၊ အဓိကရဏ်းမှုခင်းကို၊ သုဝိနိစ္ဆိတံ၊ ကောင်းကောင်းကြီး ဆုံးဖြတ်အပ်ပေပြီ၊ ဥပါလိဟာ အဓိကရဏ်းကို ကောင်းကောင်းကြီး ဆုံးဖြတ်လိုက်ပြီ"

အဲသလို မြတ်စွာဘုရားရှင်ကောင်းချီးများပေးလို့ နောက်လူ့ဝတ်လဲရမှာ အလွန်ကြောက်ရှာတဲ့ ဘိက္ခုနီမလေးလဲ လူ့ဝတ်မလဲရတော့ဘူး၊ ဘိက္ခုနီမအဖြစ် ဆက်လက်နေဖို့အခွင့် ရရှိသွားခဲ့တယ်။

www.dhammaransi.com

# သူတော်စင်တို့နေရာနှင့် ကလေးငိုသံ

နေ့စေ့လစေ့တဲ့အခါ ရွှေရုပ်ထုနဲ့ တူတဲ့ သားကလေးတစ်ဦးမွေးလို့၊ ဘိက္ခုနီမဖြစ်နေပေမယ့် သူဟာ မိခင်တစ်ယောက် ဖြစ်နေတာကိုး၊ အဲဒီတော့ သားကလေးကို မိခင်စိတ်နဲ့ နေ့စဉ် နို့ချိုတိုက် ကျွေးရှာတယ်၊

ဘိက္ခုနီမလေးဟာ သာဝတ္ထိပြည် ရောက် ရှိနေပါပြီ၊ အဲဒီအချိန်မှာ သာဝတ္ထိတိုင်းပြည်ကို အုပ်ချုပ်နေတဲ့ ပသေနဒီ ကောသလမင်းတရား ကြီးဟာ ဘိက္ခုနီမလေး သီတင်းသုံးရာ ကျောင်း တိုက်အနီး ဖြတ်သန်းလို့ သွားတဲ့အခါ ကလေးငိုသံ ကို ကြားရတယ်။

"အို ... ဘိက္ခုနီမကျောင်းနဲ့ ကလေးငိုသံ မအပ်စပ်ပါဘူး၊ ဘာကြောင့်များ ကလေးငိုသံတွေ

www.dhammaransi.com



ဆူနေပါလိမ့်၊ သွားပြီးတော့ စုံစမ်းကြချေ” လို့ မင်းချင်းများကို ခိုင်းလိုက်တယ်။

မင်းချင်းယောကျ်ားတွေလည်း စုံစမ်းလို့ အကြောင်းစုံ သိတဲ့အခါ ပသေနဒီ ကောသလမင်းတရားကြီးအား အဖြစ်မှန်ကိုလျှောက်ထားသံတော် ဦးတင်ခဲ့ကြပါတယ်၊ ဒီတော့ ပသေနဒီ ကောသလ မင်းတရားကြီးက–

“အမောင်တို့... ဒီ ဘိက္ခုနီမလေးမှာ ကလေးရှိနေတဲ့အတွက် ရဟန်းတရားကိုအချိန်ပြည့် ကြိုးစားအားထုတ် ဆောင်ရွက်နိုင်မှာ မဟုတ်တော့ဘူး၊ ဒါကြောင့်မို့ အချိန်ပြည့်တရားများ ကြိုးစားအားထုတ်နိုင်ရအောင် ကလေးကို နန်းတော်သို့ ပို့ဆောင်လိုက်ကြ” အဲသလို အမိန့်ချမှတ်လိုက်တယ်။

မင်းချင်းယောကျ်ားများမှာလည်း ကလေးကို ခေါ်ယူနန်းတော်မှာထားလို့ မင်းတရားကြီးကလည်း အဲဒီကလေးကို မင်းသားအဆောင်အယောင်နဲ့ ပြုစု စောင့်ရှောက်ကျွေးမွေးစေတယ်။

www.dhammaransi.com

# ခမည်းတော် မယ်တော် ဘယ်သူလဲ

ဒီမင်းသားလေးဟာ ချမ်းချမ်းသာသာနဲ့ ကြီးပွားလာခဲ့ရတယ်၊ နောင်အသက် (၁၂)နှစ်သား အရွယ်ရောက်လို့ ကလေးချင်းချင်း ရန်ဖြစ်ကြတဲ့ အခါ၊ ဒီကလေးကို ဝိုင်းဝန်းပြီး ပြောဆိုကြတယ်။

"အမေမရှိတဲ့ ကောင်ကများ၊ အဖေမရှိတဲ့ ကောင်ကများ၊ ငါတို့ကို အနိုင်ကျင့်လို့" အဲသလို အသီးသီး ပြောဆိုကြတယ်။

"ဩော်... ငါ့ကို အမေမရှိတဲ့အကောင်၊ အဖေမရှိတဲ့ အကောင်လို့ ပြောကြတယ်၊ သူတို့ ပြောတဲ့အတိုင်း ဟုတ်များ ဟုတ်နေမလား၊ ငါ့ ခမည်းတော်ကို သေချာစွာ မေးကြည့်အုံးမှ" အဲသလို သူက စဉ်းစားလို့ ပဿေနဒီ ကောသလ မင်းကြီးထံချဉ်းကပ်ပြီး၊

www.dhammaransi.com



"ခမည်းတော်ဘုရား သားတော်ရဲ့ အဖေဟာ ဘယ်သူများပါတုန်း"

"သားတော် ခမည်းတော်ဟာ သားတော်ရဲ့ ဖခင်ပေါ့"

"မယ်တော်ကကော ဘယ်သူများပါလဲ ဘုရား"

အဲဒီအခါမှာ ပသေနဒီ ကောသလမင်းကြီးက မောင်းမမိဿံတွေကို လက်ညှိုးညွှန်ပြတယ်။

"သားတော် သားတော်ရဲ့ မယ်တော်တွေဟာ ဟောဟိုမှာလေ ကြည့်လိုက်ပါဦး"

ဒီတော့ ကလေးကကြည့်လိုက်ပြီး ကောသလမင်းကြီးကို လျှောက်ထားပြန်တယ်။

"ခမည်းတော်ဘုရား အမေဆိုတာ တစ်ဦးပဲ ရှိရမှာပါဘုရား၊ ယခုသားတော်မှာက အမေတွေ များလှပါလားဘုရား၊ ခမည်းတော်ဘုရား သားတော်ရဲ့အမေဟာ ဘယ်သူတုန်း၊ သားတော်ကို အမှန်အတိုင်း ပြောပြပါဘုရား"

အဲဒီလို အတင်းမေးတဲ့အခါ ကောသလမင်းကြီးလည်းပဲ စဉ်းစားလိုက်တယ်။

www.dhammaransi.com



"သြော် ဒီကလေးကို လှည့်ပတ်ပြောဆိုလို့ မရတော့ဘူး၊ အမှန်အတိုင်းပဲ ပြောလိုက်တာ ကောင်းမယ်"လို့ စဉ်းစားပြီး၊

"သားတော် သားတော်ရဲ့ မယ်တော်ဟာ အခြားသူမဟုတ်ဘူး၊ ဘိက္ခုနီမလေး တစ်ယောက် ဖြစ်တယ်၊ သားတော်ကို အဲဒီဘိက္ခုနီမ ကျောင်းက ခေါ်ခဲ့တာ"

အဲသလို ကောသလမင်းကြီးက အမှန်အတိုင်း ပြောပြလိုက်တယ်ဆိုရင်ပဲ ဒီသူငယ်ကလေး အဖို့ သံဝေဂတွေ အကြီးအကျယ်ရရှိလို့ သွားခဲ့တယ်။

# သာသနာ့ဘောင် ဝင်ခွင့်ပြုတော်မူပါ

"သြော် ငါ့မယ်တော်ဟာ အခြားသူမဟုတ်ဖူး၊ ဘိက္ခုနီမ တစ်ယောက်ဆိုပါလား၊ တော်ပြီ ငါလည်းပဲ ဟောဒီ လူ့ဘောင်လူ့လောကမှာ မနေ ထိုင်ချင်တော့ဘူး၊ သာသနာ့ဘောင် ဝင်ရောက်တာပဲ ကောင်းတယ်" အဲသလို ဆုံးဖြတ်ချက်ချလို့။

www.dhammaransi.com



"ခမည်းတော်ဘုရား၊ သားတော်လည်း သာသနာ့ဘောင် ဝင်ရောက်ပါရစေဘုရား၊ သားတော်ကို သာသနာ့ဘောင် ဝင်ခွင့်ပြုပါဘုရား"

အဲဒီလို လျှောက်ထားခွင့်ပန်တယ်၊ ဒီတော့ ကောသလမင်းကြီးကလည်း ခွင့်ပြုတော်မူခဲ့တယ်၊ နောက်တော့ အခမ်းအနားနဲ့ ကျောင်းတော်သို့ ပို့ဆောင်ပေးလိုက်ပါတယ်။

www.dhammaransi.com

# ရှင်ကုမာရကဿပ

အဲဒီတော့ ကလေးသူငယ်လေးဟာ ရှင်သာမဏေ ဖြစ်လို့သွားပြီး သူ့ရဲ့နာမည်က ကဿပတဲ့။

နောက်တော့ မြတ်စွာဘုရားက စားဖွယ် သောက်ဖွယ်များ ကြွင်းကျန်နေရင် "ဒီစားဖွယ် သောက်ဖွယ်များကို ကဿပအား ပေးလိုက်ကြ စမ်း"လို့ မိန့်တော်မူတဲ့အခါ ရဟန်းသံဃာတော်များ က လျှောက်ထားကြတယ်။

"မြတ်စွာဘုရား ဘယ်ကဿပကို ပေးရ မှာလဲဘုရား"တဲ့၊ ကဿပနာမည်တူတွေက အများ ကြီးပဲကိုး၊ မဟာကဿပ၊ ဥရုဝေလ ကဿပ၊ နဒီကဿပ၊ ဂယာကဿပ၊ အဲသလို နာမည်တူ ရဟန်းတွေရှိကြသေးတယ်။

www.dhammaransi.com



အဲဒီေတာ့ ျမတ္စြာဘုရားရွင္က မိန္႔ၾကား တယ္။ "ကုမာရကႆပႆဒေထ၊ ကုမာရကႆ ပႆ၊ အငယ္ဆံုးကႆပအား၊ ဒေထ၊ ေပးလိုက္ ၾကကုန္၊ အေး- အငယ္ကႆပကို ေပးလိုက္ၾက" အဲဒီလို ျမတ္စြာဘုရားရွင္က မိန္႔ေတာ္မူလိုက္တာ ေၾကာင့္ သူ႔နာမည္ဟာ **ကုမာရကႆပ** လို႔ ျဖစ္သြားတယ္။

ပႆနဒီေကာသလမင္းႀကီးဟာ ဒီကႆပ ေလးကို မင္းသားအေဆာင္အေယာင္နဲ႔ ႀကီးျပင္း ေစခဲ့တာ၊ ဒါေၾကာင့္ သူဟာ **ကုမာရကႆပ**၊ မင္းသားကႆပလို႔လဲ ေျပာလို႔ရတယ္၊ အငယ္ ကႆပ၊ မင္းသားကႆပ၊ အဲဒီလို ထင္ရွားလာ ခဲ့တယ္။

www.dhammaransi.com

# ဓမ္မမိတ်ဆွေ သုန္ဒါဝါသပြဟ္မာ

နောင်တော့ ရှင်ကုမာရကဿပဟာ ရဟန်း အဖြစ်ရောက်ရှိလာတဲ့အခါ အန္ဓဝန်တောအုပ်ကြီး သို့ ကြွပြီး တရားအားထုတ်တယ်။

အန္ဓဝန်တောအုပ်ကြီးဟာ ဇေတဝန်ကျောင်း တော်ကြီးရဲ့အနောက်ဖက်မှာရှိပါတယ်၊ အန္ဓ ဆိုတာက မျက်ကန်းများ၊ ဝနဆိုတာက နေထိုင်ရာ တောအုပ်၊ အန္ဓဝန မျက်ကန်းများနေထိုင်ရာ တောအုပ်ကြီး။

တောအုပ်ကြီးက အလွန်ပဲတိတ်ဆိတ် ငြိမ်သက်လှတယ်၊ အရှင်ကုမာရကဿပဟာ အဲဒီ အန္ဓဝန်တောအုပ်ကြီးထဲ ကြွရောက်လို့၊ တရား တော်များကို နေ့နေ့ညည ကြိုးစားအားထုတ် နေခဲ့ပါတယ်။

www.dhammaransi.com



တစ်ညတော့ သန်းခေါင်ယံလွန်မြောက်စ အချိန်ကာလမှာ ကောင်းကင်က အလင်းရောင်တွေ ပေါ်ပေါက်လို့နေတယ်၊ ဒီတော့ ရှင်ကုမာရကဿပ က မေးတော်မူတယ်။

"အသင်ဘယ်သူပါလိမ့်"

"အရှင်ဘုရား၊ တပည့်တော်ဟာ သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံက ဗြဟ္မာကြီးတစ်ဦးပါဘုရား၊ အရှင် ဘုရားနဲ့ ကဿပမြတ်စွာဘုရား သာသနာတော် နောက်ပိုင်းကာလမှာ တရားအားထုတ်ဖော် အာ ထုတ်ဖက် ဓမ္မမိတ်ဆွေတစ်ဦးပါဘုရား၊ အဲဒီတုန်း က အနာဂါမ်မထေရ်ကြီးပါဘုရား"

အဲဒီအနာဂါမ် မထေရ်ကြီးဟာ တရားများ ဆက်လက်ကျင့်ကြံအားထုတ်ပြီး ရဟန္တာမဖြစ်မီမှာ ကွယ်လွန်သွားတဲ့အတွက် သုဒ္ဓါဝါသ ဗြဟ္မာဘုံ ဌာနသို့ ဆိုက်ရောက်သွားခဲ့တယ်။

သုဒ္ဓါဝါသ ဗြဟ္မာဘုံလို့ ခေါ်ဆိုရတာက တော့ သုဒ္ဓ၊ ကိလေသာမှစင်ကြယ်ကြတဲ့ ပုဂ္ဂိုလ် များ၊ အာဝါသ၊ နေထိုင်ရာဗိမာန်ဖြစ်လို့၊ သုဒ္ဓါ ဝါသလို့ ခေါ်ဆိုကြခြင်းဖြစ်ပါတယ်၊ အဲဒီသုဒ္ဓါ ဝါသဗြဟ္မာဘုံဌာနမှာ အနာဂါမ်ပုဂ္ဂိုလ်များနဲ့

www.dhammaransi.com



ရဟန္တာပုဂ္ဂိုလ်များသာ ဖြစ်နိုင်ကြတာပါ၊ အနာဂါမ် ဖြစ်သွားတဲ့ ဒုတိယ မထေရ်ကြီးဟာ သုဒ္ဓါဝါသ ဘုံသို့ဆိုက်ရောက်လို့ သုဒ္ဓါဝါသ ဗြဟ္မာကြီး ဖြစ်သွားခဲ့တယ်။

သူဟာ"အော်...ငါနဲ့ တရားအားထုတ်ဖော် အားထုတ်ဖက် ဓမ္မမိတ်ဆွေ တစ်ဦးဖြစ်တဲ့ ကုမာရ ကဿပဟာ အန္ဓဝန်တောအုပ်ကြီးထဲမှာ တရား တော်များ အားထုတ်လို့နေပြီ၊ ငါဟာ သူ့အတွက် ဓမ္မလက်ဆောင် ယူသွားဦးမှ၊ သူရဟန္တာ ဖြစ်ဖို့ ရန်အတွက် အထောက်အပံ့ကောင်းဖြစ်တဲ့ ဓမ္မလက် ဆောင်ကို ငါယူပြီး ပေးဦးမှ" အဲဒီလို သုဒ္ဓါဝါသ ဗြဟ္မာကြီး ကြံစည်စဉ်းစားပြီး ယခုလို ရောက်ရှိ လာခြင်းဖြစ်တယ်။

# သုဒ္ဓါဝါသဗြဟ္မာ၏ ပြဿနာမေးခွန်းများ

"အရှင်ဘုရား တပည့်တော်ဟာ အရှင် ဘုရားနဲ့ တရားအားထုတ်ဖော် အားထုတ်ဖက်

www.dhammaransi.com



ဓမ္မမိတ်ဆွေ သုဒ္ဓါဝါသ ဗြဟ္မာကြီးပါဘုရား”လို့ အဲသလို မိတ်ဆက်စကားပြောပြီး-

“အရှင်ဘုရား မြတ်စွာဘုရားရှင်ထံ ဒီပြဿနာ မေးခွန်းများကို မေးမြန်းလျှောက်ထားပေးပါဘုရား”လို့၊ သူက ပြဿနာမေးခွန်းများကို အရှင်ကုမာရကဿပအား လျှောက်ထားခဲ့တယ်။

ဘိက္ခု ဘိက္ခု အယံ့ ဝမ္မိကော၊ ရတ္တိံ ဓူမာယတိ၊ ဒိဝါပဇ္ဇလတိ၊

ဘိက္ခုဘိက္ခု အိုရဟန်း၊ အို ရဟန်း၊ အယံ ဝမ္မိကော၊ ဤတောင်ပို့ကြီးသည်၊ ရတ္တိံ၊ ညဉ့်အခါ သမယ၌၊ ဓူမာယတိ၊ အခိုးတလူလူ ထွက်၍ နေပါပေ၏၊ ဒိဝါ၊ နေ့ပိုင်းအချိန်အခါ သမယ၌၊ ပဇ္ဇလတိ၊ မီးတောက်မီးလျှံထွက်၍ နေပါပေ၏။

“အို- ရဟန်း တောင်ပို့ကြီးတစ်ခုရှိတယ်၊ အဲဒီတောင်ပို့ကြီးဟာ ညပိုင်းအခါကာလ ရောက်လို့ရှိရင် အခိုးတလူလူထွက်လို့နေတယ်၊ နေ့ပိုင်းအခါကာလရောက်လို့ရှိရင် မီးတောက်မီးလျှံတွေထွက်လို့။

www.dhammaransi.com



အဲဒီအချိန်အခါမှာ ဆရာပုဏ္ဏားတစ်ဦးနဲ့ ဉာဏ်ထက်လှတဲ့ တပည့်တစ်ဦးတို့ဟာ ရောက်ရှိလာကြတယ်၊ ဆရာပုဏ္ဏားက၊ ငါ့တပည့် အဲဒီတောင်ပို့ကြီးကို အသွားထက်လှတဲ့ တူရွင်းလက်နက်နဲ့ တူးဖြိုလိုက်စမ်းလို့ စေခိုင်းခဲ့တယ်ရဟန်း။

ဆရာပုဏ္ဏားကြီး စေခိုင်းချက်အရ ဉာဏ်ထက်လှတဲ့ တပည့်ဟာ အသွားထက်လှတဲ့ တူရွင်းလက်နက်နဲ့ အဲဒီတောင်ပို့ကြီးကို တူးဖြိုလိုက်တဲ့အခါ မင်းတုံးကြီးတစ်ခုကို တွေ့ရတယ်။

အို... ရဟန်း၊ တပည့်က မင်းတုန်းကြီးတစ်ခုကိုတွေ့တဲ့အခါ ဆရာရေ...ကျွန်တော် မင်းတုံးကြီး တစ်ခုကို တွေ့ရပြီ၊ အဲဒီ မင်းတုံးကြီးကို ကျွန်တော်ဘာလုပ်ရမှာတုန်းလို့ မေးတဲ့အခါမှာ ဆရာပုဏ္ဏားကြီးက ငါ့တပည့်, အဲဒီမင်းတုံးကြီးကို ကော်ပစ်လိုက်စမ်း၊ ဆက်ပြီး တူးသာတူး အဲဒီလို ဆရာပုဏ္ဏားကြီးက စေခိုင်းခဲ့ပြန်တယ်။

ဆရာပုဏ္ဏားကြီး စေခိုင်းချက်အရ အဲဒီတပည့်က ဆက်ပြီး တူးလိုက်တဲ့အခါ၊ ဘာသွားတွေ့တုန်းဆိုတော့ ဖားပွတစ်ကောင်ကို တွေ့တယ်၊ တွေ့တဲ့အခါ ဆရာရေ ဖားပွလေးတစ်ကောင်ကို

www.dhammaransi.com



တွေ့ရတယ်၊ အဲဒီဖားပွကို ကျွန်တော်ဘာလုပ်ရ မှာတုန်း မေးပြန်တယ်။

ငါ့တပည့် အဲဒီဖားပွကို ကော်ပစ်လိုက်၊ ဆက်တူးစမ်းလို့ ဆရာပုဏ္ဏားကြီးက စေခိုင်းပြန် တယ်၊ တပည့်ကလည်း ဆက်ပြီးတော့ တူးဖော် လိုက်ပြန်တယ်၊ ဘာများသွားတွေ့လိုက်သလဲ ဆိုတော့ လမ်းနှစ်မွှာကို တွေ့ရပြန်တယ်။

လမ်းနှစ်မွှာကို တွေ့တဲ့အခါ ဆရာရေ၊ လမ်းနှစ်မွှာကိုတော့ တွေ့ရပြန်ပြီ၊ ကျွန်တော်ဘာ လုပ်ရမှာတုန်း”လို့ မေးခဲ့တယ်။

ငါ့တပည့်၊ လမ်းနှစ်မွှာကိုလည်းပဲ ဖျက်ပစ် လိုက်၊ ပြီးတော့ ဆက်သာတူး၊ အဲဒီလို ဆရာပုဏ္ဏား ကြီးက စေခိုင်းပြန်သတဲ့၊ တပည့်ကလဲ ဆရာစေခိုင်း ချက်အရ ဆက်ပြီးတော့ တူးဖော်လိုက်တဲ့အခါ ရေစစ်တစ်ခုကို တွေ့ရပြန်တယ်။

ဆရာရေ... ရေစစ်တစ်ခုကို တွေ့ရပြန်ပြီ၊ အဲဒီ ရေစစ်ကို ကျွန်တော် ဘာလုပ်ရမှာလဲလို့ တပည့်က မေးပြန်တယ်။

ဟ... ငါ့တပည့်အဲဒီ ရေစစ်ကိုလည်းပဲ ယူပြီးတော့ လွှင့်ပစ်လိုက်၊ ဆက်ပြီးတူးလို့ အဲဒီလို

www.dhammaransi.com



စေခိုင်းခဲ့ပြန်တယ်၊ တပည့်ကလည်းပဲ ဆက်ပြီး တူးဖော်လိုက်ပြန်တယ်။

တူးဖော်လိုက်တဲ့အခါ ဘာသွားတွေ့သလဲ ဆိုတော့ လိပ်ခုံးတစ်ကောင်ကိုတွေ့ရတယ်၊ ဆရာ ရေ့၊ ဆရာစေခိုင်းတဲ့အတိုင်း ဆက်တူးလိုက်တာ လိပ်ခုံးတစ်ကောင်ကို တွေ့ရပြန်ပြီ၊ အဲဒီ လိပ်ခုံးကို ကျွန်တော် ဘာလုပ်ရမှာတုန်း။

ဟ… ငါ့တပည့် အဲဒီလိပ်ခုံးကို ကော်ပစ် လိုက်၊ ဆက်ပြီးတော့ တူးလို့ စေခိုင်းခဲ့ပြန်တယ်၊ တပည့်ဖြစ်သူကလည်း ဆရာပုဏ္ဏားကြီးရဲ့ စေခိုင်း ချက်အရ ဆက်လက်ပြီးတော့ တူးဖော်လိုက်တဲ့ အခါ စဉ်းတီတုံးနဲ့ သားလှီးဓားကို တွေ့ရပြန်တယ်။

ဆရာရေ၊ စဉ်းတီတုံးနဲ့ သားလှီးဓားကို တွေ့ရပြန်ပြီ၊ အဲဒီ စဉ်းတီတုံးနဲ့ သားလှီးဓားကို ကျွန်တော်ဘာလုပ်ရမှာတုန်း မေးခဲ့တယ်၊ ဆရာ ပုဏ္ဏားကြီးက ငါ့တပည့် စဉ်းတီတုံးနဲ့သားလှီး ဓားကို စွန့်ပစ်လိုက်၊ ဆက်သာတူး၊ ဒီလိုစေခိုင်း လို့ တပည့်ကလည်းပဲ ဆက်ပြီး တူးဖော်လိုက်တဲ့ အခါမှာ ဘာများသွားတွေ့တုန်းဆိုတော့ သားတစ် တစ်ခုကို တွေ့ရပြန်တယ်။

www.dhammaransi.com



သားတစ်တစ်ခုကို တွေ့ရတယ်ဆရာရေ၊ ကျွန်တော် ဘာလုပ်ရမှာလဲလို့ တပည့်ကမေးတဲ့အခါ၊ ဟာ… ငါ့တပည့် အဲဒီသားတစ်ကိုလဲ ကော်ပစ်လိုက် ဆက်ပြီးတူးလို့ စေခိုင်းခဲ့ပြန်တယ်။

တပည့်ဖြစ်သူကလဲ ဆက်ပြီးတူးဖော်လိုက်တဲ့အခါ လည်ရေးသုံးဆင့်ရှိတဲ့ မြွေနဂါးကြီး တစ်ကောင်ကို တွေ့ပြန်တယ်။ (တောင်ပို့ထဲမှာ အောင်းတတ်တဲ့ မြွေနဂါးကြီးတွေပေါ့)

ဆရာရေ ဆရာစေခိုင်းတဲ့အတိုင်း၊ ကျွန်တော်တူးဖော်လိုက်တဲ့အခါ လည်ရေးသုံးဆင့်ရှိတဲ့ မြွေနဂါးကြီးကို တွေ့ရပြန်ပြီ၊ ကျွန်တော် ဘာလုပ်ရမှာတုန်းလို့ ဆရာပုဏ္ဏားကြီးကို တပည့်ဖြစ်သူက မေးပြန်တယ်။

ဒီတော့ ဆရာပုဏ္ဏားကြီးက ငါ့တပည့် အဲဒီမြွေနဂါးကြီးကိုတော့ သွားမထိလိုက်လေနဲ့၊ မြွေနဂါးဆိုတာ အင်မတန် အဆိပ်ပြင်းတာ၊ သူ့ကို ထိလိုက်မယ်ဆိုရင် ဒုက္ခလှလှကြီး တွေ့လိမ့်မယ်၊ အဲဒီတော့ မြွေနဂါးကြီးကို ဘာမှမလုပ်ပဲ အရိုအသေပြုလိုက်၊ သူ့ကို ကောင်းကောင်းမွန်မွန် ပြုပေးလိုက်လို့ အဲဒီလို စေခိုင်းခဲ့တယ်။

www.dhammaransi.com



အို–ရဟန်း၊ အဲဒီ မေးခွန်းပြဿနာများကို ယူဆောင်လို့ မြတ်စွာဘုရားထံသွားပါ၊ မြတ်စွာဘုရားရှင်က ဖြေကြားပါလိမ့်မယ်၊ မြတ်စွာဘုရား ဖြေကြားတော်မူတဲ့အတိုင်း အသင်ရဟန်း နာယူမှတ်သားပါလေ။

အဲဒီမေးခွန်း ပြဿနာများကို မြတ်စွာဘုရားရှင်ရယ်၊ မြတ်စွာဘုရားရှင်ရဲ့ တပည့် သာဝကရဟန္တာရယ်၊ တပည့်တော်ရယ်၊ အဲဒီသုံးဦးသော ပုဂ္ဂိုလ်မှတပါး၊ အခြား, အခြားသော ပုဂ္ဂိုလ်များ ဖြေဆိုရှင်းလင်းနိုင်မှာ မဟုတ်ဖူး၊ အဲဒီ သုံးဦးသာ ပြေဆိုနိုင်လိမ့်မယ်၊ အို ရဟန်း။

အဲဒီလို သုဒ္ဓါဝါသ ဗြဟ္မာကြီးက လျှောက်ထားပြီးတဲ့နောက် အန္တဝန်တောအုပ် တရားအာထုတ်ရာဌာနမှ ကွယ်ပျောက်လို့သွားခဲ့တယ်။

## ဘုရားရှင်အား ပြန်လည်လျှောက်ထား

အရှင်ကုမာရကဿပဟာ သုဒ္ဓါဝါသ ဗြဟ္မာကြီ ပြောပြလိုက်တဲ့ မေးခွန်းအချက်အလက်

www.dhammaransi.com



တွေကို မှတ်သားလို့ နံနက်မိုးသောက် အလင်းရောက်တဲ့အခါ၊ ဘုရားရှင်ထံချဉ်းကပ်ကာ မြတ်စွာဘုရားရှင်ကို ရှိခိုးဦးချ၊ သင့်တော်တဲ့နေရာမှာထိုင်ပြီးတော့ သုဒ္ဓါဝါသဗြဟ္မာကြီးနဲ့တွေ့ဆုံပုံအကြောင်းအရာတွေကို ဘုရားရှင်အား လျှောက်ထားခဲ့တယ်။

နောက်- သူက၊ မြတ်စွာဘုရားရှင်ကို မေးမြန်းလျှောက်ထားတယ်။

ဘော ဘန္တေ ဝမ္မိကော၊ ဘန္တေ၊ ဘုန်းတော်သခင်ရှင်တော်မြတ်ဘုရား၊ ဝမ္မိကော၊ တောင်ပို့ဆိုတာ၊ ကော၊ အဘယ်ပါနည်းဘုရား၊ မြတ်စွာဘုရား၊ သုဒ္ဓါဝါသ ဗြဟ္မာကြီးပြောတဲ့ တောင်ပို့ဆိုတာ ဘာကိုပြောတာပါလဲဘုရား။

မြတ်စွာဘုရားရှင်ဖြေကြားတော်မူတဲ့ အဖြေကို ဘုန်းကြီးတို့ ဒကာ, ဒကာမများ သိရှိကြရအောင် ဆိုလိုက်ကြပါစို့။

www.dhammaransi.com

# တောင်ပို့ဆိုတာ ဉာဏ်ခန္ဓာ

* တောင်ပို့ဆိုတာ၊ ဉာဏ်ခန္ဓာ၊
အို,နာ,မွေး၊ သေကြ။

"ချစ်သားရဟန်း၊ တောင်ပို့ဆိုတာ အခြားကို ပြောတာမဟုတ်ဖူး၊ ဉာဏ်ခန္ဓာကိုယ်ကြီးကိုပြောတာ (ယခုဘုန်းကြီးတို့ ဒကာ, ဒကာမများ ရရှိထားတဲ့ ခန္ဓာကိုယ်ကြီးပေါ့) သုဒ္ဓါဝါသ ဗြဟ္မာကြီးပြောတဲ့ တောင်ပို့ဟာ ပကတိတောင်ပို့ကို ပြောတာမဟုတ်ဖူး" ဒီလို မြတ်စွာဘုရားရှင်က ဖြေကြားတော်မူတယ်။

ဒီခန္ဓာကိုယ်ကြီးနဲ့ တောင်ပို့ကြီး ဘယ်လိုများတူညီတုန်း၊ အဲဒီတောင်ပို့ကြီးထဲကို ကြည့်လိုက်နော် ခြ၊ ပုရွက်ဆိတ်အစရှိတဲ့ သတ္တဝါလေးတွေဟာ အခြားနေရာမှာမွေးဖွာကြတာ မဟုတ်ဖူး၊

www.dhammaransi.com



ဒီတောင်ပို့ကြီးထဲမှာပဲ မွေးဖွား လာကြတယ်။ တောင်ပို့ကြီးထဲမှာပဲ ကြီးပြင်းလာကြတယ်၊ အဲဒီ တောင်ပို့ကြီးထဲမှာပဲ အိုကြတယ်၊ရောဂါရကြတယ်၊ သေကြတဲ့အခါမှာလည်း တောင်ပို့ကြီးထဲမှာပဲ သေဆုံးကြတယ်။

ဒီခန္ဓာကိုယ်ကြီးကိုလည်း ကြည့်လိုက်ပါဦး၊ အရေကိုမှီတဲ့ပိုးတွေ၊ အသားကိုမှီတဲ့ပိုးတွေ၊ အသည်းကိုမှီတဲ့ပိုးတွေ၊ အစာအိမ်ကိုမှီတဲ့ပိုးတွေ၊ အစရှိသည်ဖြင့် ပိုးအမျိုးပေါင်း ရှစ်ဆယ်ရှိတာ။

အဲဒီရှစ်ဆယ်သော ပိုးတွေဟာ၊ ဒီခန္ဓာကိုယ်ကြီးထဲမှာမွေးကြတယ်၊ ဒီခန္ဓာကိုယ်ကြီး ထဲမှာ ကြီးပြင်းကြတယ်၊ ဒီခန္ဓာကိုယ်ကြီးမှာ ရောဂါတွေ ရကြတယ်၊ ဒီခန္ဓာကိုယ်ကြီးထဲမှာပဲ သေဆုံးကြတယ်။

ဒါကြောင့်မို့ တောင်ပို့ဆိုတာ ဒီခန္ဓာကိုယ်ကြီးပဲဖြစ်တယ်။

*** တောင်ပို့ဆိုတာ၊ ဤခန္ဓာ၊**
**အိုနာမွေး သေကြ။**

www.dhammaransi.com

# ညပိုင်းကာလအနိုးတလူလူ ထွက်တယ်ဆိုတာ ကြံစည်တွေးတောမှုမျိုးစုံတွေ

မြတ်စွာဘုရား... အဲဒီတောင်ပို့ကြီးဟာ ညပိုင်းကာလ ရောက်ပြီဆိုရင် အခိုးတွေ တလူလူ ထွက်သတဲ့ဘုရား၊ အဲဒီအခိုးတွေ တလူလူထွက်နေတယ်ဆိုတာ ဘာကို ပြောတာပါလဲဘုရား၊

အဲဒီအမေးကို မြတ်စွာဘုရားက ဖြေကြားတော် မူပါတယ်။

* **အခိုးလူလူ၊ ထွက်ခြင်းဟူ၊ ညမှုကြံစည်ကြ၊**

"အခိုးတလူလူလွှတ်တယ်ဆိုတာ အခြားကို ပြောတာမဟုတ်ဖူး ချစ်သားရဟန်း၊ မိမိတို့ ရရှိထားတဲ့ ခန္ဓာကိုယ်ကြီးသည် ညပိုင်းကာလ ရောက်ရှိလာပြီဆိုရင် အမျိုးမျိုး ကြံစည်တွေးတော ကြတယ်။

www.dhammaransi.com



မနက်ဖန်ဆိုရင် ငါတို့တွေ ဘယ်လို အလုပ်တွေလုပ်ကိုင်ကြမယ်၊ မနက်ဖန်ကျရင်၊ ဘယ်သူနဲ့တွေ့ပြီး ဘာတွေပြောကြမယ်လို့ အမျိုးမျိုးကြံစည်တွေးတောကြတယ်။

ဒီလိုကြံစည်တွေးတောကြတာဟာ ခန္ဓာကိုယ်ဆိုတဲ့ တောင်ပို့ကြီးထဲက ဝိတက်အခိုးတွေလွှတ်တာ ချစ်သားရဟန်း"ဒီလို မြတ်စွာဘုရားက ဖြေကြားပေးတယ်။

* အခိုးလူလူ၊ ထွက်ခြင်းဟူ၊ ညမူကြံစည်ကြ။

www.dhammaransi.com

# နေ့ပိုင်းကာလ မီးလျှံတောက်တယ်ဆိုတာ လောဘ, ဒေါသ, မောဟမီးတွေ

နောက် ... အရှင်ကုမာရကဿပက လျှောက်တယ်၊ "မြတ်စွာဘုရား၊ အဲဒီတောင်ပို့ကြီးဟာ နေ့ပိုင်းကာလရောက်ရှိပြီဆိုရင် မီးတောက်မီးလျှံတွေ ထွက်သတဲ့ဘုရား၊ မီးတောက်မီးလျှံထွက်တယ်ဆိုတာ၊ ဘာကို ပြောတာပါလဲဘုရား"မြတ်စွာဘုရားရှင်က ဖြေကြားတော်မူပါတယ်။

* **မီးလျှံလက်လက်၊ ရှိန်ရှိန်ထွက်၊ နေ့ဘက် လုပ်ဆောင်ကြ။**

"မီးတောက်မီးလျှံတွေ ထွက်တယ်ဆိုတာ၊ အခြားပြောတာ မဟုတ်ဖူး၊ ညတုန်းက ကြံစည်ထားတဲ့အတိုင်း၊ နေ့ဘက်ရောက်တဲ့အခါ၊ ဒီခန္ဓာ

www.dhammaransi.com



ကိုယ်ကြီးနဲ့ပဲ အလုပ်တွေ လုပ်ကြတယ်၊ ဟောဒီ နှုတ်နဲ့လဲ စကားတွေပြောကြတယ်။

ညတုန်းက ကြံစည်ထားတဲ့အတိုင်း အလုပ်တွေလုပ်လို့ စကားတွေ ပြောလို့နေတဲ့အခါမှာ လောဘမီး ဒေါသမီး၊ မောဟမီးတွေဟာ ခန္ဓာကိုယ်ကြီးထဲက မီးတောက်မီးလျှံတွေလို ထွက်နေတဲ့အတွက် တောင်ပို့ကြီးထဲက နေ့ဘက်ဆိုရင် မီးတောက်မီးလျှံတွေ ထွက်နေတာလို့ ပြောတာ ချစ်သားရဟန်း"

အဲဒီတော့ အခိုးတွေထွက်တာ၊ မီးတောက်မီးလျှံတွေထွက်တာတွေကို ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ သိရှိလို့သွားကြပြီ၊ ဒါကြောင့်မို့ မိမိရရှိထားတဲ့ ခန္ဓာကိုယ် တောင်ပို့ကြီးများမှာ ကြံစည်တဲ့ ဝိတက်အခိုးတွေ၊ လောဘ, ဒေါသ, မောဟ မီးတောက်မီးလျှံတွေ သိပ်မထွက်ကြစေနဲ့။

*** မီးလျှံလက်လက်၊ ရှိန်ရှိန်ထွက်၊ နေ့ဘက် လုပ်ဆောင်ကြ။**

www.dhammaransi.com

# ဆရာပုဏ္ဏား မြတ်ဘုရား

အရှင်ကုမာရကဿပက ဆက်လက်ပြီး လျှောက်ထားပြန်တယ်။

"မြတ်စွာဘုရား၊ ပုဏ္ဏားဆရာ၊ ပုဏ္ဏားဆရာလို့ ပြောတယ်ဘုရား၊ အဲဒီပုဏ္ဏားဆရာဆိုတာ ဘယ်သူ့ကို ပြောတာပါလဲဘုရား" ဒီတော့ မြတ်စွာဘုရားရှင်က ဖြေကြားပေးပါတယ်။

* **ဆရာပုဏ္ဏား၊ မြတ်ဘုရား၊ ညွှန်ကြားသူ ဟုပြ။**

"ဆရာပုဏ္ဏားဆိုတာ၊ အခြားသူမဟုတ်ဖူး၊ မြတ်စွာဘုရားရှင်ကိုပြောတာချစ်သားရဟန်း" အဲဒီလို မြတ်စွာဘုရားရှင်က ဖြေကြားပေးတယ်။

www.dhammaransi.com



* ဆရာပုဏ္ဏားး၊ မြတ်ဘုရား၊
ညွှန်ကြားသူ ဟုပြ။

www.dhammaransi.com

# နိဗ္ဗာန်ရရှိအောင် ကျင့်ကြံသူများသည် ဉာဏ်သွားလှသောတပည့်

မြတ်စွာဘုရား...အဲဒီသုဒ္ဓါဝါသ ဗြဟ္မာကြီး ပြောတဲ့အထဲမှာ ဉာဏ်သွားလှတဲ့တပည့်ဆိုတာ ဘယ်သူ့ကို ပြောတာပါလဲဘုရား၊ မြတ်စွာဘုရား ရှင်က ဖြေကြားပေးတော်မူတယ်၊

* **တပည့်ဉာဏ်သွား၊ ကျင့်တရား၊ ကြိုးစားသူဟုပြ။**

"ဉာဏ်သွားလှတဲ့ တပည့်ဆိုတာ အခြားသူ ကိုပြောတာ မဟုတ်ဖူး၊ နိဗ္ဗာန်ရရှိအောင် ကျင့်ဝတ် သိက္ခာတရားတွေ၊ ကျင့်ကြံရမယ့် တရားတွေကို ကြိုးစားအားထုတ်နေတဲ့ သေက္ခပုဂ္ဂိုလ်များကို ပြောတာ ချစ်သားရဟန်း" အဲဒီလိုမြတ်စွာဘုရားက ဖြေကြားပေးတယ်။

www.dhammaransi.com



နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းများကို ကြိုးစားအားထုတ်နေကြတဲ့၊ ကျင့်ကြံနေကြတဲ့ သေက္ခပုဂ္ဂိုလ်များဟာ ဉာဏ်သွားလုတဲ့ တပည့် ဖြစ်တယ်။

ကောင်းရာကောင်းကြောင်း မလုပ်ဆောင်ဘူး၊ အပျော်အပါးတွေ လိုက်စားလို့၊ အသောက် အစားတွေဖက်ပြီး မူးယစ်ပျော်ပါးလို့၊ လောင်းကစားတွေကို ပြုလုပ်လို့၊ ကောင်းမှုကိစ္စတွေကို မေ့နေပြီဆိုရင်၊ ဉာဏ်သွားလုတဲ့ တပည့် မဟုတ်တော့ဘူး၊ အဲဒါဟာ ဉာဏ်မရှိတဲ့ပုဂ္ဂိုလ်ပဲ။

ဘာကြောင့်လဲဆိုတော့ ပစ္စုပ္ပန်မှာလည်းပဲ ကောင်းကျိုးမရနိုင်သလို နောင်သံသရာမှာလည်း ကောင်းကျိုးရနိုင်တော့မှာမဟုတ်တော့ဘူး၊ကောင်းမှု ကိစ္စအဝဝအတွက် ကြိုးစားအားထုတ် နေသူသာ ဉာဏ်သွားလုတဲ့ တပည့်ဉာဏ်ရှိတဲ့တပည့် ဖြစ်ပါတယ်။

* တပည့်ဉာဏ်သွား ကျင့်တရား၊
ကြိုးစားသူဟုပြ။

www.dhammaransi.com

# အသွားထက်သော တူရှင်းလက်နက်သည် ပညာ

“မြတ်စွာဘုရား သုဒ္ဓါဝါသ ဗြဟ္မာကြီးက အသွားထက်လှတဲ့ တူရှင်း လက်နက်ကြီးကိုယူပြီး တောင်ပို့ကြီးကို ဖြိုလိုက်စမ်းလို့ ဆရာပုဏ္ဏားကြီးက ညာဏ်သွားလှတဲ့ တပည့်ကို ပြောပါတယ်ဘုရား၊ အသွားထက်လှတဲ့ တူရှင်းလက်နက်ဆိုတာ ဘာကို ပြောတာတုန်း ဘုရား”

* **တူရှင်းထက်ထက်၊ ဝိပဿမဂ်၊ နှစ်ချက် ပညာပြ။**

“အသွားထက်လှတဲ့ တူရှင်းလက်နက်ကြီး ဆိုတာ အခြားကိုပြောတာ မဟုတ်ဖူး ချစ်သား ရဟန်း၊ ပညာနှစ်ခု ပညာနှစ်ချက်ကို ပြောတာ၊ အဲဒီပညာတွေဟာ ဝိပဿနာပညာ၊ မဂ်ပညာတဲ့”

ဝိပဿနာပညာရဲ့ အချုပ်ကို ပြောရမယ် ဆိုရင် ရုပ်တရား နာမ်တရားတို့ဟာ အမြဲမရှိ၊

www.dhammaransi.com



အနိစ္စပါလား၊ ဆင်းရဲအတိ ဒုက္ခပါလား၊ အစိုးတရ မရှိ၊ အနတ္တပါလား၊ အဲဒီလို ရှုမှတ်သိမြင်တဲ့ ပညာဟာ ဝိပဿနာပညာပဲ။

ဒီလို ရှုမှတ်ဖန်များလာတဲ့အခါ အသိဉာဏ် ပညာထူးများသို့ ဆိုက်ရောက်သွားနိုင်တယ်၊ အဲဒီ ပညာများကတော့ သောတာပတ္တိမဂ်ပညာ၊ သကဒါ ဂါမိမဂ်ပညာ၊ အနာဂါမိမဂ်ပညာ၊ အရဟတ္တ မဂ်ပညာ၊ အဲဒီလို မဂ်ပညာ(၄)မျိုး။

ဒီလိုဝိပဿနာပညာရယ် မဂ်ပညာရယ် ဆိုတဲ့ ဒီပညာ(၂)ချက်ဟာ အသွားထက်လှတဲ့ တူးရှင်းလက်နက်ကြီးပဲဖြစ်တယ်။

အသွားထက်လှတဲ့ တူရှင်းလက်နက်ကြီးနဲ့ တူးလိုက်တဲ့အခါ တူးလိုက်တိုင်း တူးလိုက်တိုင်း မိမိစိတ်တိုင်းကျတူးလို့ရရှိနိုင်တာပေါ့၊ ဒီဥပမာလို ပါပဲ ဝိပဿနာပညာတွေ မဂ်ပညာတွေရှိထားပြီ ဆိုရင် ရုပ်နာမ်တရားတွေကို ထိုးဖောက်သိမြင် သွားနိုင်တော့တယ်။

*** တူရှင်းထက်ထက်၊ ဝိပဿမဂ်၊**
**နှစ်ချက် ပညာပြ။**

www.dhammaransi.com

# မရပ်မနား တူးဖော်နိုင်ခြင်းဟူသည် ကြိုးစားအားထုတ်နိုင်ခြင်း

နောက်တစ်ခါ ရှင်ကုမာရကဿပက မေးမြန်းလျှောက်ထားပြန်တယ်။

"မြတ်စွာဘုရား အဲဒီပုဏ္ဏားဆရာကြီးက ငါ့တပည့်ရေ၊ နောက်ကို မဆုတ်နဲ့၊ မရပ်မနား တူးဖော်ပစ်လိုက်စမ်းလို့ စေခိုင်းတယ်ဘုရား၊ ဒီလို မရပ်မနားတူးဖော်ခိုင်းတာ ဘာကို ပြောတာပါလဲ ဘုရား"

* **မရပ်မဆုတ်၊ တူးဖော်လုပ်၊**
**အားထုတ်ကြိုးစားပြ။**

"မရပ်မဆုတ်ပဲ ဆက်လက်ပြီးတော့ တူးဖော်မှုအလုပ်ကို လုပ်ကိုင်ခိုင်းနေတာဟာ ဘာကို ပြောတာလဲဆိုရင် ကြိုးစားအားထုတ်တာ။

www.dhammaransi.com



မိမိတို့အနေနဲ့ ရှုမှတ်ကြတဲ့အခါ ခဏမစဲ တသဲသဲနဲ့ ဖြစ်ပျက်နေကြတဲ့ ရုပ်တရား၊ နာမ်တရားတွေကို ဝိပဿနာ ဉာဏ် မျက်စိနဲ့ ရှုမြင်ဖို့၊ ဝီရိယစိုက်ပြီး ကြိုးစားနေပြီဆိုရင် အဲဒါဟာ ဆက်လက်ပြီးတော့ မရပ်မနား တူးဖော်တာနဲ့ အတူတူပဲ"လို့ မြတ်စွာဘုရားရှင်က ဖြေကြား ပေးခဲ့တယ်။

* မရပ်မဆုတ်၊ တူးဖော်လုပ်၊
အားထုတ် ကြိုးစားပြ။

www.dhammaransi.com

# မင်းတုံးဆိုတာ အဝိဇ္ဇာ

နောက်တော့ အရှင်ကုမာရကဿပ မထေရ်က ဆက်လက်ပြီးမေးလျှောက်ပြန်တယ် "မြတ်စွာဘုရား၊ မင်းတုံးကြီးဆိုတာ ဘာကိုပြောတာပါလဲဘုရား" မြတ်စွာဘုရားရဲ့ အဖြေက။

* **မင်းတုန်းဆိုတာ၊ အဝိဇ္ဇာ၊**
**စွန့်ကာ ကော်ပစ်ရ။**

မင်းတုံးနဲ့ အဝိဇ္ဇာတူတယ်တဲ့၊ မင်းတုံးဆိုတာ ဘုန်းကြီးတို့ ဒကာ, ဒကာမများကို အထူးပြောစရာ မလိုပါဘူးနော်၊ အိမ်တံခါးတွေမှာ တပ်ထားတယ်၊ ရွာတံခါးတွေမှာ တပ်ထားတယ်၊ မြို့တံခါးတွေမှာတပ်ထားတယ်။

တံခါးပိတ်လို့ မင်းတုံးချလိုက်ပြီဆိုရင် ဝင်ချင်တဲ့ ပုဂ္ဂိုလ်များ ဝင်လို့မရနိုင်တော့ဘူး၊

www.dhammaransi.com



ထွက်ချင်တဲ့ပုဂ္ဂိုလ်များလဲ ထွက်လို့ မရတော့ဘူး၊ အဝင်အထွက်တွေ အကုန်လုံး ပိတ်သွားတယ်။

ဒီဥပမာလိုပဲ၊ အဝိဇ္ဇာဆိုတာ မသိတာကို ပြောတာ၊ မသိမှု အဝိဇ္ဇာရှိလာပြီဆိုရင် ကုသိုလ်တရားတွေ ဝင်ချင်လို့ မရတော့ဘူး၊ ဝိဇ္ဇာဆိုတဲ့ သိမှုကို မသိမှုဆိုတဲ့ အဝိဇ္ဇာက ပိတ်ဆို့နေလို့ ကုသိုလ်တရားတွေ မဝင်နိုင်ပုံ ဥပမာပြောရရင် မိမိတို့ဟာ လမ်းများခင်းမယ်၊ ဒါဟာကောင်းရာ ကောင်းကြောင်းကိစ္စ။

"လမ်းခင်းတဲ့ကိစ္စဟာ ငါတို့ကိစ္စမဟုတ်ပါဘူး၊ ငါတို့နဲ့မဆိုင်ပါဘူး၊ အလကားပါကွာ" အဲသလို စသည်ဖြင့် မသိတဲ့ပုဂ္ဂိုလ်များကျတော့ ကုသိုလ်တွေ ဝင်နိုင်ပါဦးမလား၊ ကုသိုလ်တရားတွေမဖြစ်နိုင်တော့ဘူး။

လမ်းခင်းတယ်ဆိုတာ ကောင်းမြတ်တဲ့ လုပ်ငန်းစဉ်၊ ဒီလိုလမ်းခင်းလိုက်တဲ့အတွက် ဒီလို ဒီလို အကျိုးတရားတွေ ဖြစ်ထွန်းတယ်၊ ပစ္စုပ္ပန်မှာ ကိုပဲ လူရောရှင်ရော ချမ်းချမ်းသာသာသွားလာ နိုင်ကြတယ်၊ လမ်းခင်းတဲ့ ပုဂ္ဂိုလ်များရော ကုသိုလ် ပါဝင်ကြတဲ့ ပုဂ္ဂိုလ်များမှာရော နောင်သံသရာ

www.dhammaransi.com



အဆက်ဆက် ကောင်းကျိုးချမ်းသာ အဖြာဖြာတွေ ရရှိခံစားရတဲ့ လုပ်ငန်းကြီးလို့ သိမြင်သဘောပေါက်လိုက်တဲ့အခါ၊ ကုသိုလ်တွေဟာ ဝင်ရောက်လို့လာပြီး လမ်းခင်းကိစ္စဟာ အောင်မြင်သွားတော့တာပါပဲ။

ဒီဥပမာလို မှတ်လိုက်ပါ၊ မိမိတို့သန္တာန်မှာ အဝိဇ္ဇာများ ရှိနေမယ်ဆိုရင် အဲဒီအဝိဇ္ဇာကို ကော်ပစ်ရမယ်၊ စွန့်ပစ်ရမယ်၊ ငါ့တပည့်တွေ ရှိရတဲ့ မင်းတုံးကို စွန့်ပစ်လိုက်ဆိုတာ၊ ဒီအဝိဇ္ဇာဟာ ကုသိုလ်တရားတွေကို ပိတ်ဆို့တတ်တယ်၊ အဲဒီ မသိမှု အဝိဇ္ဇာကို စွန့်ပစ်လိုက်လို့ ဆိုလိုတာပါပဲ” လို့ မြတ်စွာဘုရားက ဖြေကြားပေးတော်မူတယ်။

*** မင်းတုန်းဆိုတာ၊ အဝိဇ္ဇာ၊**
**စွန့်ကာ ကော်ပစ်ရ။**

## ဖားပွှာသည် အမျက်ဒေါသဖြစ်၏

“ဉာဏ်သွားလှတဲ့ တပည့်က ဆက်ပြီး တူးဖော်လိုက်တဲ့အခါ ဖားပွလေး တစ်ကောင်ကို

www.dhammaransi.com



တွေ့တယ်၊ မြတ်စွာဘုရား၊ အဲဒီဖားပွဲဆိုတာ ဘာကို ပြောတာတုန်းဘုရား" ဒီတော့ မြတ်စွာဘုရားရှင်က ဖြေကြားတော်မူတယ်။

*** ဖားပွဲမှတ်ရန်၊ လွန်ပြင်းထန်၊ ပူပန် မျက်ဒေါသ။**

ဖားပွဲလေးဆိုတာ သိပ်မကြီးလှဘူး၊ လက်သည်းခွံလောက်ပဲရှိတာ၊ အဲဒီလက်သည်းခွံလောက်ရှိတဲ့ ဖားပွဲလေးဟာ သူ့ကို တုတ်တစ်ချောင်းနဲ့ တို့လိုက်မယ်၊ ဒါမှမဟုတ် သစ်ရွက်ကလေး တစ်ခုခုက သူ့ကိုထိလိုက်မယ်၊ ဒါမှမဟုတ် ပြင်းထန်တဲ့ လေက သူ့ကို တိုက်သွားမယ်ဆိုရင်၊ သူက အင်မတန် စိတ်ဆိုးတယ်၊ ဒေါသကြီးတယ်။

ဒေါသကြီးလို့ လာပြီဆိုရင် ဘယ်အရွယ်လောက်ဖြစ်သွားတုန်းဆိုတော့ ဥသျှစ်သီး အလုံးလောက် ဖြစ်သွားတယ်၊ ဥသျှစ်သီးအလုံးလောက် ဖြစ်သွားတဲ့အခါမှာ ဒီဖားပွဲလေး မသွားနိုင်တော့ဘူး၊ ပက်လက်လန်လို့ လက်ကလေးတွေ တလှုပ်လှုပ်၊ ခြေကလေးတွေတလှုပ်လှုပ်နဲ့ပေါ့။

အဲဒီအခါမှာ ကျီးကန်းတွေ စွန်ရဲတွေက ဝိုင်းပြီးထိုးဆိတ်လိုက်ကြပြီ၊ အထိုးအဆိတ်ခံရတော့

www.dhammaransi.com



အဲဒီဖားပွလေး နောက်ဆုံး၊ သေဆုံးရတယ်၊ ဖားပွလေး သေဆုံးရတာ အခြားကြောင့် မဟုတ်ဖူး၊ ဒေါသကြောင့်။

ဒီဥပမာ လိုပါပဲ၊ သတ္တဝါတို့ရဲ့ သန္တာန်မှာ ဒေါသတရားများ အပြင်းအထန် ဖြစ်လို့လာပြီး, ကြီးမားလို့လာပြီဆိုရင် မျက်စိထဲမှာ ဘာကိုမှ မမြင်တော့ဘူး၊ ပြာကနဲမိုက်ကနဲ ဖြစ်သွားတော့တာ။

ဒေါသကြီးလို့ ပြာကနဲမိုက်ကနဲ ဖြစ်သွားတဲ့အခါ လုပ်မိလုပ်ရာလုပ်လိုက်ပြီ၊ အလုပ်ခံရတဲ့ ပုဂ္ဂိုလ်ကလည်းပဲ ဒီအတိုင်းငြိမ်နေမှာ မဟုတ်ဖူး၊ သူကလဲ ပြန်လုပ်တာပဲ၊ အဲဒီတော့ ထိခိုက်ဒဏ်ရာ အနာတရတွေ ဖြစ်လို့ ဆေးဝါးများ ကုသရပြီ။

ဒဏ်ရာကြီးမားတဲ့အခါ အသက်စွန့်ရပြီ၊ ဒေါသဟာ ဒါကြောင့် ဖားပွနဲ့တူတယ်လို့ မြတ်စွာဘုရားရှင်က ဖြေကြားပေးတာ။

"ဖားပွလေးကို ကော်ပစ်လိုက်ဆိုတာ ဘာကိုပြောတာတုန်း" ဘုရားလို့မေးလျှောက်ပြန်တယ်။ "ပြင်းထန်ပူပန်တဲ့ ဒေါသကို ပယ်စွန့်လိုက်လို့ ဆိုလိုတာပဲ ချစ်သားရဟန်း" အဲဒီလို မြတ်စွာဘုရားက ပြောကြားတော်မူပါတယ်။

www.dhammaransi.com



* ဖားပွမှတ်ရန်၊ လွန်ပြင်းထန်၊
ပူပန်ပျက် ဒေါသ။

## လမ်းနှစ်ခွာဟူသည် ယုံမှားသံသယ

"ဆရာပုဏ္ဏားရဲ့ စေခိုင်းချက်အရ၊ တပည့်က ဆက်လက်ပြီးတော့ တူးဖော်လိုက်တာ လမ်းနှစ်ခွာကိုတွေ့တယ်၊ အဲဒီလမ်းနှစ်ခွာဆိုတာ၊ ဘာကိုဆိုလိုတာလဲ မြတ်စွာဘုရား"လို့ ရှင်ကုမာရကဿပမထေရ်က မေးလျှောက်ပြန်တယ်၊ ဒီအခါ မြတ်စွာဘုရားရှင်က ဖြေကြားတော်မူတယ်။

*** လမ်းနှစ်ခွာသိ၊ ယုံမှားရှိ၊ ဝိစိကိစ္ဆာပြ၊**

"လမ်းနှစ်ခွာလို့ သိရှိရမယ့် အရာဟာ အခြားမဟုတ်ဘူး၊ ဝိစိကိစ္ဆာပဲ၊ ဝိစိကိစ္ဆာဆိုတာ ယုံမှားတာကို ပြောတာ။

အမျိုးကောင်းသား အမျိုးကောင်းသမီးတစ်ဦးဟာ၊ ပစ္စည်းဥစ္စာများ အပြည့်အစုံယူလို့ ခရီးထွက်လာတဲ့အခါ လမ်းနှစ်ခွာကို တွေ့တယ်ဆိုရင် သူ့အဖို့ရာ မျက်စိလည်ယုံမှားလို့သွားတော့တယ်။

www.dhammaransi.com



ဘယ်ဘက်လမ်းကို လိုက်ရင်ကောင်းမလား၊ ညာဘက်လမ်းကိုလိုက်ရင် ကောင်းမလား၊ စဉ်းစားလို့ ဘယ်ဘက်လမ်းကိုလိုက်၊ လိုက်ပြီးတစ်ခါ ညာဘက်လမ်းကိုလဲ လိုက်ပြန်ပြီ၊ ဟာ – မဟုတ်သေးပါဘူး၊ ငါသွားလိုရာဌာန မဟုတ်သေးဘူး၊ တစ်ခါပြန်ပြီး နောက်ဆုတ်လို့ ဟိုဘက်သွားရကောင်းနိုးနိုး ဒီဘက်သွားရကောင်းနိုးနိုး၊ အချိန်တွေ ကြာမြင့်လို့သွားတယ်။

အဲဒီအချိန်မှာ သူခိုးဓားပြ သူပုန်သူကန်တွေကလာဝိုင်းလို့ သူ့မှာပါတဲ့ပစ္စည်း ဥစ္စာတွေအကုန်လုံး လုယူလိုက်ကြတယ်၊ ဒီတော့ အမျိုးသားကောင်း၊ အမျိုးသမီးကောင်းမှာ လမ်းနှစ်မွှာ တွေ့ရတဲ့အတွက် ပစ္စည်းဥစ္စာ အဖြာဖြာတွေ ဆုံးရှုံးလို့သွားရတော့တယ်။

ဒီဥပမာလိုပါပဲ၊ ဝိစိကိစ္ဆာဆိုတဲ့ ယုံမှားသံသယတွေ ရှိပြီဆိုရင် မြတ်စွာဘုရားဟာ မြတ်စွာဘုရားအစစ်မှ ဟုတ်ရဲ့လား၊ တရားဟာ တရားအစစ်မှ ဟုတ်ပါရဲ့လား၊ သံဃာဟာ သံဃာအစစ်မှ ဟုတ်ရဲ့လား၊ အဲဒီလို ယုံမှားသံသယဖြစ်လာတယ်။

မိမိကျင့်သုံးတဲ့ သိက္ခာအပေါ်မှာရော၊ အတိတ်

www.dhammaransi.com



အနာဂတ်နဲ့ အကြောင်းကြောင့် အကျိုး ဖြစ်မှုဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် အပေါ်မှာပါ၊ ယုံမှား သံသယတွေ ဖြစ်လာတယ်။

ယုံမှားသံသယဖြစ်တဲ့ အဲဒီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ကုသိုလ်တရားတွေ လုယက်ခြင်း ခံလိုက်ရတော့တာ၊ ဘာကြောင့်လဲဆိုတော့ ဆက်ပြီး ဖြစ်ရမယ့် ကုသိုလ်တွေ ဖြစ်ဆဲကုသိုလ်တွေ မဖြစ်ရပဲကိုး။

အမျိုးကောင်းသား၊ အမျိုးကောင်းသမီး ပါရှိလာတဲ့ ပစ္စည်းဥစ္စာတွေ လုယူခြင်း ခံရသလို၊ ဟောဒီ ဝိစိကိစ္ဆာများ ရှိပြီဆိုရင်၊ ဆက်ပြီးဖြစ်ရမယ့် ကုသိုလ်တွေ၊ ဖြစ်ဆဲကုသိုလ်တွေဟာ မဖြစ်နိုင်တော့ဘူး၊ ကုသိုလ်တွေ လုယူခြင်း ခံလိုက်ရပြီ၊ ဒါကြောင့် လမ်းနှစ်ခွနဲ့ ဝိစိကိစ္ဆာတူတယ်။

ငါတပည့်၊ အဲဒီလမ်းနှစ်ခွကိုလဲ ဖျက်ပစ်လိုက်ဆိုတာ ယုံမှားသံသယ ဝိစိကိစ္ဆာကို ပယ်စွန့်လိုက်လို့ ဆိုလိုတာပဲ ချစ်သားရဟာန်း” ဒီလိုမြတ်စွာဘုရားက ဖြေကြားပါတယ်။

*** လမ်းနှစ်ခွသိ၊ ယုံမှားရှိ၊ ဝိစိကိစ္ဆာပြ။**

www.dhammaransi.com

# နီဝရဏ ငါးပါးသည် ရေစစ်နှင့်တူ၏

ရှင်ကုမာရကဿပက ဆက်ပြီး မေးလျှောက် ပြန်တယ်၊ "မြတ်စွာဘုရား ဆက်ပြီး တူးဖော်လိုက်တဲ့အခါ ရေစစ်ကြီးတစ်ခုကို တွေ့သတဲ့ဘုရား၊ အဲဒီရေစစ်ဆိုတာ ဘာကို ပြောတာတုန်း ဘုရား"

မြတ်စွာဘုရား ဖြေတော်မူတဲ့ အဖြေကို သိရှိကြရအောင်-

* **ရေစစ်ခေါ်မှတ်၊ ပိတ်ဆို့တတ်၊**
**ငါးရပ် နီဝရဏ။**

"ရေစစ်ဆိုတာ အခြားမဟုတ်ဖူး နီဝရဏ၊ နီဝရဏဆိုတာ အပိတ်အဆို့ တရားကို ပြောတာ၊ သူက ငါးမျိုးငါးစားရှိတယ်။

(၁) ကာမစ္ဆန္ဒနီဝရဏ = လိုချင်တပ်မက်မှုဆိုတဲ့ အပိတ်အဆို့၊

www.dhammaransi.com



(၂) ဗျာပါဒနီဝရဏ = သူများကို ပျက်စီးရာ ပျက်စီးကြောင်း လုပ်ဆောင်ရအောင် ဖြစ်ပေါ်လာတဲ့ ဒေါသအပိတ်အဆို့၊

(၃) ထိနမိဒ္ဓနီဝရဏ = လေးလံထိုင်းမှိုင်း ပျင်းရိ ငိုက်မျည်းမှု အပိတ်အဆို့၊

(၄) ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ = မတည်ငြိမ်ပြန့်လွင့်မှု၊ နောင်တတစ်ဖန် ပူပန်မှုဆိုတဲ့ အပိတ်အဆို့၊

(၅) ဝိစိကိစ္ဆာနီဝရဏ=ယုံမှားသံသယဆိုတဲ့ အပိတ်အဆို့ငါးမျိုးပါပဲ။

အဲဒီ နီဝရဏ အပိတ်အဆို့ ငါးမျိုးဟာ ရေစစ်နဲ့ ဘယ်လိုများ တူညီသလဲဆိုတော့ ရေစစ်များကို ကြည့်လိုက်ပါ၊ အောက်ကနေ အိုးကြီးများနဲ့ ခံလို့၊ ဒါမှမဟုတ်ရင်လဲ စည်ပိုင်း ကြီးများကို ထားလို့၊ အပေါ်ကနေ လောင်းလိုက်တဲ့ ရေတွေဟာ ရေစစ်ထဲမှာ တစ်စက်မှ မကျန်တော့ဘူး၊ လောင်းလိုက်သမျှ ရေတွေဟာအောက်ကို ဒလဟော ကျဆင်းသွားတာ။

အဲဒီတော့ ရေစစ်ဟာ လောင်းလိုက်သမျှ ရေတွေ အကုန်ဝင်တယ်၊ ဒါပေမယ့် သူ့အထဲမှာ ရေတစ်စက်မှ မကျန်တော့ဘူး။

www.dhammaransi.com



ဒီဥပမာလိုပါပဲ၊ နိဗ္ဗာန အပိတ်အဆို့ ငါးမျိုးရှိနေပြီဆိုရင် အဲဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ကုသိုလ်ရေစင်တွေ ဘယ်လောက်ပဲ လောင်းထည့် လောင်းထည့်၊ အဲဒီကုသိုလ်တရားတွေက ဘယ်သောအခါမှ သူ့သန္တာန်မှာ မကျန်တော့ဘူး။

ရေစစ်ထဲမှာ ရေတစ်စက်မှ မကျန်သလို ဟောဒီ နိဗ္ဗာန အပိတ်အဆို့ရှိတဲ့အခါ ဘယ်လို ကုသိုလ်တွေကိုပဲ လောင်းထည့်၊ လောင်းထည့် သူ့ရဲ့သန္တာန်မှာ ဘာကုသိုလ်မှ မကျန်ဘူး၊ အဲဒါကြောင့် နိဗ္ဗာန ငါးဖြာနဲ့ ရေစစ်နဲ့ တူတယ်လို့ မြတ်စွာဘုရားရှင် က မိန့်ကြားတာ။

ဘုန်းကြီးတို့ ဒကာ, ဒကာမများ၊ တစ်ရံတစ်ခါ တရားအားထုတ်ကြရအောင်ဆိုပြီး ရိပ်သာသွား တရားအားထုတ်ကြတယ်၊ ကုသိုလ်ရေးကိစ္စ ဆောင်ရွက်ကြတယ်၊ ကိုယ်အားထုတ်လိုက်တဲ့ တရားဟာ ရိပ်သာအပြင်ဘက် ရောက်လာတဲ့အခါ အိမ်ပြန်လာတဲ့အခါ ကိုယ့်ရဲ့သန္တာန်မှာဘာမှ မရှိတော့ဘူး၊ အကုန်လုံး ကုန်သွားပြီ။

အဲဒါ ဘာကြောင့်တုန်းဆိုတော့ နိဗ္ဗာန အပိတ်အဆို့ရှိနေလို့၊ နိဗ္ဗာန အပိတ်အဆို့ ဖြစ်ပုံ

www.dhammaransi.com



လက်တွေ့ပြရမယ်ဆိုရင် ဘုန်းကြီးတို့ ဟောလိုက်တဲ့တရားကို ဒကာ,ဒကာမများ အသီးသီးအိမ်ရောက်သွားတဲ့အခါ မှတ်မိချင်မှ မှတ်မိကြမှာနော်၊ အဲဒါ နိဝရဏအပိတ်အဆို့တွေ ရှိနေလို့မှတ်ပါ။

www.dhammaransi.com

# နွားတစ်ရှဉ်းပြုတ်မလား လယ်တစ်ကွက်ပြုတ်မလား

နိဝရဏ ရေစစ်အပိတ်အဆို့များ ဘယ်လောက်ကြီးမားလိုက်သလဲဆိုရင် ဘုန်းကြီးပုံပြင်လေးတစ်ပုဒ် ကြားဖူးဖတ်ဖူးတဲ့အတိုင်း ပြောပြဦးမယ်။

ဟိုရှေးရှေးတုန်းက ရွာတစ်ရွာမှာ အမျိုးသားနဲ့ အမျိုးသမီး မိသားစုတစ်စုဟာ စီးပွားဥစ္စာများ အောင်အောင်မြင်မြင်ဖြစ်လို့ အလှူကြီး အတန်းကြီးကို လှူခဲ့ကြတယ်။

အဲဒီတောရွာမှာ တရားဝါသနာပါတဲ့ အမျိုးသား တစ်ဦး လည်းပဲရှိတယ်၊ သူက ဘယ်ဆရာတော်

www.dhammaransi.com



ဘယ်တရားဟောတယ်၊ ဘာတရားတွေဟောတယ် စသည်ဖြင့် မှတ်မှတ်သားသားနဲ့ နာယူလေ့ရှိတယ်။

ဖြစ်ပုံက သူတို့ဇနီးမောင်နှံ အလှူကြီးလှူတဲ့အချိန်မှာ တရားနာယူမှတ်သားတတ်တဲ့ အမျိုးသားဟာ အရေးတကြီးကိစ္စတစ်ခုနဲ့ အခြားမြို့ရွာသို့ သွားနေရတယ်။

အလှူကြီး အတန်းကြီးဟာ စည်စည်ကားကားကြီးဖြစ်လို့၊ ဆရာတော်ကလဲ တရားဟောလို့၊ ရေစက်ချလို့ အလှူကြီးပြီးစီးသွားခဲ့ပါတယ်။

အလှူပြီးမှ တရားဝါသနာထုံလှတဲ့ အမျိုးသားက ပြန်ရောက်လို့လာတယ်၊ ပြန်ရောက်တယ်ဆိုရင်ပဲ သူ့ကို ဝိုင်းပြီး ပြောကြတာပေါ့၊ အလှူကြီးသိပ်ကြီးကျယ်တာ ဘယ်သို့ဘယ်လို အစရှိသည်ဖြင့် ပြောကြတဲ့အခါ သူလည်းပဲ စိတ်ဝင်စားလာတယ်။

"နေပါအုန်းဗျာ၊ အဲဒီတုန်းက တရားဟောတဲ့ ဆရာတော်က ဘယ်ဆရာတော်တုန်း၊ ဘယ်လိုတရားတွေဟောသွားပါလိမ့်" အဲသလို မေးတဲ့အခါ။

www.dhammaransi.com



"ဘယ်ဆရာတော် ဟောတာဗျ၊ တရားက တော့ဗျာ၊ ဟိုလို ဒီလို"နဲ့ သူတို့တတွေ တိတိကျကျ မဖြေနိုင်ကြဘူး၊ "အလှူရှင်ကို မေးကြည့်ပါဦးဗျာ" လို့ ဖြေကြတယ်၊ ဒါနဲ့ အလှူရှင်ကို သွားမေးတယ်။

"ခင်ဗျားက အလှူရှင်ဆိုတော့ ခင်ဗျား အလှူမှာ ဆရာတော်ဟောကြားသွားတဲ့ တရားတွေ ကို မှတ်မိမှာပါ၊ မှတ်မိမယ်ဆိုရင် ပြောစမ်းပါဦး ကျွန်တော်မှတ်သားထားချင်လို့ပါဗျာ"လို့ မေးတဲ့ အခါ အလှူရှင်ယောကျ်ားက ဘာပြောသလဲ ဆို တော့–

"ကျွန်တော်လဲ အဲဒီတုန်းက ဆရာတော် ဟောတဲ့တရားကို နာတော့နာနေတာပါပဲ၊ ဒါပေ မယ့်ဗျာ ငါ့ရဲ့ကုန်ငွေတွေက ဘယ်လောက်ရှိတယ်၊ လာရောက်ကူညီထောက်ပံ့မယ့်ငွေက ဘယ်လောက် ရှိလိမ့်မယ်၊ အလှူထောက်ပံ့ငွေက ငါကုန်ကျ သလောက် နိုင်မှနိုင်ပါ့မလား၊ အဲသလိုဆိုရင် ငါပိုင်ဆိုင်တဲ့ နွားတစ်ရှဉ်းတော့ ပြုတ်တော့မယ် ထင်ပါရဲ့၊ ငါပိုင်ဆိုင်တဲ့ လယ်တစ်ကွက် ပြုတ် တော့မယ်ထင်ပါရဲ့၊ ဆွေမျိုးမိတ်သင်္ဂဟကူငွေက နည်း နေတော့စိတ်ထဲမှာ တောင်တွေးမြောက်

www.dhammaransi.com



တွေးနဲ့ ဆရာတော်ဘာတရားတွေဟောသွား တယ်ဆိုတာ မသိတော့ပါဘူးဗျာ၊ အလျှူ့အစ်မကို မေးကြည့်ပါဦး"

www.dhammaransi.com

# နားကပ်ပြုတ်တော့မလား၊ ဆွဲကြိုးပေါင်ရမလား

ဒါနဲ့ အလှူ့အစ်မထံ ချဉ်းကပ်ပြီး မေးကြည့်ပြန်တယ်။

"အလှူ့အစ်မကြီး–အလှူ့အစ်မကြီးကတော့ ဆရာတော်ဟောကြားသွားတဲ့ တရားတွေကို မှတ်သားမိမှာပါ၊ အဲဒီတော့ ဆရာတော်က ဘာတရားတွေများ ဟောကြားသွားတယ်ဆိုတာ၊ ကျွန်တော့ကို ပြောပြပါလားခင်ဗျား"

အလှူအစ်မကပြောတယ်။

"ဟောတော့၊ ကျွန်မလည်း အကူငွေက နည်းတော့ စဉ်းစားနေမိတယ်၊ အဲ–ငါတို့အကုန်အကျငွေက အတော်များနေပြီ၊ အကူငွေကလည်း ထင်သလောက်မရဘူး၊ ဒီလိုဆို ငါ့နားက နားကပ်

www.dhammaransi.com



ကလေးတော့ ပြုတ်တော့မယ် ထင်ပါရဲ့၊ ဆွဲထားတဲ့ ဆွဲကြိုးပေါင်ရတော့မယ် ထင်ပါရဲ့၊ အဲသလိုစဉ်းစား နေတော့၊ ဆရာတော် ဘာတရားတွေ ဟောသွား တယ်ဆိုတာ မသိလိုက်ပါဘူးရှင်၊ ရှင်သိချင်ရင် တော့ တရားဟောတဲ့ ဆရာတော်ကို သွားမေး ကြည့်ပါ”တဲ့။

www.dhammaransi.com

# ငှက်ပျောသီးစိမ်းစိမ်းတရားလို့ မှတ်လိုက်ရတော့တယ်

အဲဒီတော့ အမျိုးသားလည်းပဲ တရားဟော တဲ့ဆရာတော်ထံ ချဉ်းကပ်ပြီး သွားလျှောက်ပြန် တယ်၊ တရားဟောတဲ့ ဆရာတော်က ဘာပြော တုန်းဆိုတော့–

"ဟ– ဒကာ၊ ငါလည်းပဲ အဲဒီတုန်းက ဟောတော့ ဟောခဲ့တာပဲ၊ ဒါပေမယ့် တရား ကန်တော့ပွဲကို ကြည့်လိုက်တဲ့အခါ ငှက်ပျောသီးက စိမ်းစိမ်း အုန်းသီးကစိမ်းစိမ်းနဲ့ အဲဒါကို မြင်လိုက် ရတယ်၊ ဩော်– ဒီအစိမ်းတွေ ငါ့ကျောင်းကိုရောက် ရင် ဘယ်လိုများလုပ်ရမှာတုန်းဆိုပြီး အဲဒါကို

www.dhammaransi.com



အာရုံရောက်နေတယ်၊ ဒီတော့ ငါလည်းပဲ ဘာတရားတွေ ဟောမိတယ် မသိပါဘူး ဒကာရာ”လို့ ပြောလိုက်တယ်၊ ဒီတော့အမျိုးသားလည်း ငှက်ပျောသီးစိမ်းစိမ်း တရားလို့ပဲ မှတ်လိုက်ရတော့တယ်။

အဲဒါဘာကြောင့်လဲဆိုတော့ အပိတ်အဆို့နီဝရဏတွေ အားကြီးနေတဲ့သဘောပေါ့၊ အလှူ့ဒကာ အလှူအစ်မကလည်း လိုချင်မှု ကာမစ္ဆန္ဒနီဝရဏ တွေ အားကြီးနေတာ၊ ဘုန်းကြီးကလည်းပဲ ငှက်ပျောသီးစိမ်းစိမ်း အုန်းသီးစိမ်းစိမ်းတွေ ကြည့်ပြီး တွေးနေလို့ သူဟောတဲ့တရား သူတောင်မမှတ်မိတော့ဘူး၊ ဒါကြောင့်မို့ အဲသလိုဖြစ်မှာစိုးရတယ်။

မြတ်စွာဘုရားကဆက်ပြီး မိန့်ကြားခဲ့တယ်၊

“ချစ်သားရဟန်း အဲဒီရေစစ်ကို ကော်ပစ်လိုက်ဆိုတာ အခြားမဟုတ်ဘူး၊ ဒီနီဝရဏငါးဖြာကို ပယ်စွန့်”လို့ ပြောလိုက်တာပဲ ဖြစ်တယ်၊

* **ရေစစ်ခေါ်မှတ်၊ ပိတ်ဆို့တတ်၊**
**ငါးရပ် နီဝရဏ၊**

www.dhammaransi.com

# စဦးတီတုံးနှင့် သားလှီးဓားသည် ဝတ္ထုကာမ, ကိလေသာကာမ

"ဒီလိုနဲ့ မရပ်မနားဆက်ပြီးတူးဖော်လိုက်တဲ့အခါစဦးတီတုံးနဲ့ သားလှီးဓားကို တွေ့ရတယ်လို့ဆိုပါတယ်ဘုရား၊ စဦးတီတုံးနဲ့ သားလှီးဓားဆိုတာဘာကို ပြောတာပါလဲဘုရား" ဒီတော့ မြတ်စွာဘုရားက ဖြေတော်မူပါတယ်။

*** စဦးတီတုံးဓား၊ အာရုံငါး၊လိုလားတဏှာပြ။**

"စဦးတီတုံးနဲ့ သားလှီးဓားဆိုတာ အခြားမဟုတ်ဖူး၊ အာရုံငါးဖြာ ဝတ္ထုကာမနဲ့ ကိလေသာကာမကို ပြောတာ။

အဲဒီစဦးတီတုံးကို ကြည့်လိုက်စမ်း၊ နေ့စဉ်နေ့စဉ် သားငါးတွေကို သားလှီးဓားနဲ့ ခုတ်တယ်၊ စင်းတယ်၊ သစ်သီးဝလံများကိုလည်း ဒီစဦးတီတုံးပေါ်တင်လို့ ခုတ်လှီးဖြတ်တောက်နေတာ။

www.dhammaransi.com



ဒီဥပမာလိုပါပဲ၊ ကိလေသာကာမဆိုတဲ့ လိုချင်မှုလောဘတဏှာဟာ ဘယ်အပေါ်မှာ ဖြစ်နေတာတုန်း၊ အာရုံငါးဖြာဆိုတဲ့ ဝတ္ထုကာမပေါ်မှာဖြစ်နေတာ၊ ကိလေသာကာမဆိုတဲ့ လိုချင်မက်မော မှုတဏှာဟာ၊ အဆင်း**ရူပါရုံ**အပေါ်မှာလည်းဖြစ်တယ်၊ အသံ **သဒ္ဒါရုံ**အပေါ်မှာလဲဖြစ်တယ်၊ အနံ့**ဂန္ဓာရုံ**အပေါ်မှာလဲဖြစ်တယ်၊ အရသာ အစားအသောက် **အရသာအာရုံ**ပေါ်မှာလဲ ဖြစ်တယ်၊ အတွေ့ **ဖောဋ္ဌဗ္ဗအာရုံ** ပေါ်မှာလဲဖြစ်တယ်၊ အဲဒီတော့ သားလိုးမားနဲ့ ကိလေသာကာမတူတယ်။

အာရုံငါးဖြာနဲ့ စဉ်းတီတုံးတူတယ်၊ အဆင်းမျိုးစုံရူပါရုံ၊ အသံမျိုးစုံသဒ္ဒါရုံ၊ အနံ့မျိုးစုံဂန္ဓာရုံ၊ ရသာမျိုးစုံရသာရုံ၊ အတွေ့မျိုးစုံဖောဋ္ဌဗ္ဗာရုံ၊ အဲသလို အာရုံငါးဖြာနဲ့ စဉ်းတီတုံးခုံနဲ့ တူပါတယ်။

ဒီတော့ ကိလေသာကာမဆိုတဲ့ သားလိုးမား နဲ့အာရုံငါးဖြာဆိုတဲ့ စဉ်းတီခုံ၊ စဉ်းတီတုံးဟာ နေ့စဉ်နေ့စဉ်ဖြစ်လို့ နေတော့တယ်၊ ထိတွေ့လို့နေတော့တယ်။

ဒါကြောင့်မို့ မြတ်စွာဘုရားရှင်က "ချစ်သား ရဟန်း၊ စဉ်းတီတုံးနဲ့သားလိုးမားဆိုတာ အခြားကို

www.dhammaransi.com



ပြောတာမဟုတ်ဘူး၊ အာရုံငါးဖြာနဲ့၊ လိုချင်မှု ကိလေသာ ကာမတဏှာကိုပြောတာ၊ စဉ်းတီတုံးနဲ့ သားလှီးခားကို လွှင့်ပစ်လိုက်ပြောတာ၊ အခြားပြော တာမဟုတ်ဖူး၊ လိုချင်မက်မောမှု ကိလေသာတဏှာ ကို ဝိပဿနာပညာမဂ်ပညာနဲ့ စွန့်ခွာဖို့ပြောတာ ချစ်သားရဟန်း"လို့ မြတ်စွာဘုရားရှင်က ဖြေကြား ပေးတော်မူတယ်။

*** စဉ်းတီတုံးခား၊ အာရုံငါး၊**
**လိုလားတဏှာပြ။**

# လိပ်ခုံးဆိုတာ ခန္ဓာငါးဖြာ

အရှင်ကုမာရ ကဿပကမေးလျှောက် ပြန်တယ် "မြတ်စွာဘုရား ဆက်ပြီးတူးဖော်လိုက် တော့ လိပ်ခုံးတစ်ကောင်ကို တွေ့သတဲ့ဘုရား၊ အဲဒီလိပ်ခုံးဆိုတာ ဘာကိုပြောတာပါလဲဘုရား"

မြတ်စွာဘုရားဖြေတော်မူတဲ့ အဖြေက–

www.dhammaransi.com



### * လိပ်ခုံးဆိုတာ စွဲလမ်းရာ၊ ခန္ဓာငါးရပ်ပြ။

"လိပ်ခုံးနဲ့ ဥပါဒါနက္ခန္ဓာတို့ ဘယ်လိုများ တူညီကြတုန်းဆိုရင် လိပ်ခုံးကို ကြည့်လိုက်ပါ၊ လိပ်ခုံးမှာ ခြေနှစ်ချောင်း၊ လက်နှစ်ချောင်း၊ ခေါင်းဆို ပြီး ဒီလိုငါးခုရှိတယ်။

အများသူငါတို့ ရရှိနေကြတဲ့ခန္ဓာကို ကြည့် လိုက်ပါ၊ ဒီခန္ဓာကြီးမှာလည်း ငါးခုရှိတယ်၊ အဲဒီ ငါးခုက ဘာတွေလဲဆိုတော့၊ ရုပ်, ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဏဆိုတဲ့ ခန္ဓာငါးဖြာတို့ပါပဲ၊ ဥပါဒါန် တရားတို့ရဲ့ အာရုံဖြစ်တဲ့ခန္ဓာငါးဖြာတဲ့။

ရူပက္ခန္ဓာလို့ ခေါ်ဆိုတဲ့ ဖောက်ပြန်ထွေပြား ဖြစ်ပျက်တဲ့ရုပ်၊ ခံစားတတ်တဲ့ ဝေဒနာက္ခန္ဓာ၊ မှတ်သားတတ်တဲ့ သညာက္ခန္ဓာ၊ ပြုပြင်တတ်တဲ့ သင်္ခါရက္ခန္ဓာ၊ သိရှိတတ်တဲ့ ဝိညာဏက္ခန္ဓာ၊ အဲသလို ဥပါဒါနက္ခန္ဓာ ငါးဖြာတို့ပဲဖြစ်တယ်။

ချစ်သားရဟန်း အဲဒီလိပ်ခုံးကို ကော်ပစ် လိုက်ဆိုတာ အခြားပြောတာ မဟုတ်ဖူး၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ၊ ဥပါဒါန် တရားတို့ရဲ့ အာရုံဖြစ်တဲ့ ခန္ဓာငါးရပ်အပေါ်မှာ စွဲလမ်းနေတဲ့ တဏှာများကိုစွန့်ပစ်လို့ ဒီလို

www.dhammaransi.com



သုဒ္ဓါဝါသ ဗြဟ္မာကြီးကဆိုလိုတာ ချစ်သားရဟန်း” အဲဒီလို မြတ်စွာဘုရားရှင်က ဖြေကြားပေးတော်မူတယ်။

*** လိပ်ခုံးဆိုတာ၊ စွဲလမ်းရာ၊ ခန္ဓာငါးရပ်ပြ။**

# သားတစ်ဟူသည် နန္ဒီရာဂ

အရှင်ကုမာရကဿပက ဆက်လက်ပြီးတော့ မေးလျှောက်ပြန်တယ်။

“မြတ်စွာဘုရား၊ အဲဒီတပည့်က ဆက်လက်ပြီးတော့ တူးဖော်လိုက်တာ သားတစ်တစ်ခုကို တွေ့သတဲ့ဘုရား၊ အဲဒီသားတစ်ဆိုတာ ဘာကို ပြောတာပါလဲဘုရား” မြတ်စွာဘုရားရှင်ရဲ့အဖြေက–

*** သားတစ်ဟူဘိ၊ စွဲကပ်ငြိ၊ နန္ဒီရာဂပြ။**

သားတစ်ဆိုတာ အခြားမဟုတ်ဖူး၊ နန္ဒီရာဂတဏှာ၊ သားတစ်နဲ့ နန္ဒီရာဂတဏှာ ဘယ်လိုများတူတာတုန်းဆိုတော့ ဒီသားတစ်ကို အများသူငါတို့ လိုချင်ကြတယ်၊ ချက်ပြီးစားချင်ကြတာကိုး။

www.dhammaransi.com



ဟောဒီနန္ဒိရာဂ စွဲလမ်းတတ်တဲ့ တဏှာဆို တာလည်းပဲ၊ အများသူငါတို့လိုလားကြတယ်၊ အဲဒီ သားတစ်ကို ကြည့်လိုက်ပါဦး၊ ဘယ်နေရာကိုပဲ ပစ်ပစ်၊ ပစ်တဲ့နေရာမှာ ကပ်ငြိလို့နေတော့တယ်။

ဟောဒီနန္ဒိရာဂတဏှာ စွဲလမ်းနှစ်သက် တတ်တဲ့တဏှာဟာ အဆင်းမျိုးစုံ ရူပါရုံအပေါ်မှာ ကပ်ငြိလို့ နေတယ်၊ အသံမျိုးစုံ သဒ္ဒါရုံအပေါ်မှာလဲ ငြိကပ်လို့ နေတယ်၊ အနံ့မျိုးစုံ ဂန္ဓာရုံအပေါ်မှာလဲ ငြိကပ်လို့ နေတယ်၊ ရသာမျိုးစုံရသာရုံအပေါ်မှာလဲ ငြိကပ်လို့ နေတယ်၊ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗအာရုံ အပေါ်မှာလဲ ငြိကပ်လို့နေတယ်။

ဒါကြောင့် နန္ဒိရာဂတဏှာနဲ့ သားတစ် တူတယ်လို့ မြတ်စွာဘုရားရှင်က အဖြေပေးတော် မူခဲ့တာဖြစ်တယ်။

*** သားတစ်ဟူဘိ၊ စွဲကပ်ငြိ၊ နန္ဒိရာဂပြ။**

www.dhammaransi.com

# ယပ်ထောင်တရားရှည်လွန်းလို့

ပြဿနာက ဟစ်ချက်ပဲကျန်ပါတော့တယ်။ တရားအဟောများသွားရင်လဲ မကောင်းဖူး ရေးတုန်းက ဘုန်းကြီးတစ်ပါးလိုလည်း ဖြစ်မှာ စိုးရတယ်။

ရေးတုန်းက ဘုန်းတော်ကြီးများဟာ တရားဟောတဲ့အခါ ယပ်တောင်ကြီးများကို ရှေ့က ထောင်ပြီးဟောတော်မူကြတယ်၊ ယခုခေတ် ရဟန်းတော်များ ကိုင်လေ့ရှိကြတဲ့ ယပ်များလို မဟုတ်ဖူး၊ တစ်ကိုယ်လုံးကို ကွယ်ထားနိုင်တယ်၊ ယပ်တောင်ကြီးတွေက အကြီးကြီးတွေကိုး၊ အဲဒါကြောင့် ယပ်ထောင်တရားလို့ ခေါ်ကြတယ်။

ယပ်ကိုလှဲပြီးဟောတဲ့တရားဆိုရင် ယပ်လှဲတရားတဲ့၊ အဲသလို ခွဲခြားတာနော်။

www.dhammaransi.com



အဲဒီတော့ ဘုန်းတော်ကြီးတစ်ပါးဟာ ယပ်တောင်ကြီးကိုထောင်ပြီး တရားတော်များကို အရှည်ကြီး ဟောကြားခဲ့တယ်၊ တရားနာပရိသတ်ဟာ တရားကရှည်တော့ အသီးသီး ဘုန်းကြီးမသိအောင် တိတ်တိတ်ကလေးထပြန်တော့တာကိုး။

ဘုန်းကြီးကလည်း တရားဟော အာရုံရောက်နေ၊ ယပ်တောင်ကြီးကလဲကွယ်နေတော့၊ ဘာကိုမှမသိရ၊ မမြင်ရဘူး။

www.dhammaransi.com

# ကြေးစည်ခေါက်ဖို့စောင့်နေတာ

နောက်တော့ ဘုန်းကြီးက စဉ်းစားမိတယ်၊ "ပရိသတ်ကတော့ ငါ့တရားကို အတော်သဘောကျနေဟန်တူတယ်၊ တိတ်ဆိတ်ငြိမ်သက်နေတာပဲ၊ အာရုံရနေဟန်တူတယ်" အဲသလို စဉ်းစားမိသတဲ့။

စဉ်းစားပြီးတော့ ယပ်တောင်ပေါ်က ကျော်ပြီး ပရိသတ်ကို ကြည့်လိုက်တယ်၊ အဲဒီတော့မှ ပရိသတ်တစ်ယောက်မှ မတွေ့ရတော့ဘူး၊ ရှားရှားပါးပါး တစ်ယောက်ကိုတော့ တွေ့ရသေးတယ်၊ အဲဒီတစ်ယောက်ဟာလည်း တံခါးနားမှာကုတ်ကုတ်လေးထိုင်နေတာ၊ ထိုင်နေသူကို ဘုန်းကြီးက လှမ်းခေါ်တယ်။

"ဟေ့- ဒကာ၊ မင်းကဘာကြောင့်များ အဝေးကြီးမှာ ထိုင်နေတာတုန်း၊ ငါ့တရားကို

www.dhammaransi.com



သဘောကျဟာ မင်းတစ်ယောက်ကိုပဲ တွေ့ရတယ်၊ အဲဒီတော့ ငါ့ရှေ့ကိုလာပါကွာ၊ မင်းကို ကျကျနန ဟောပြပေးမယ်”လို့ ပြောသတဲ့ အဲဒီတော့ ဒကာက လျှောက်တယ်။

“ဆရာတော်ဘုရား၊ မလုပ်လိုက်ပါနဲ့ဘုရား၊ တပည့်တော်ကြောက်လှပါပြီဘုရား၊ တပည့်တော်ဟာ တရားကို သဘောကျလို့ မဟုတ်ပါ၊ ဆရာတော်ဘုရား တရားချတာနဲ့ တစ်ပြိုင်နက် ကြေးစည်ခေါက်ဖို့ရန် စောင့်နေတာပါဘုရား” အဲသလို လျှောက်သတဲ့နော်။

ဘုန်းကြီးတို့ ဒကာ, ဒကာမတွေကတော့ ကြေးစည်ခေါက်ဖို့ စောင့်တာ မဟုတ်ပါဘူးနော်၊ တရားကို ကောင်းကောင်းနာလို့ပြီးတာနဲ့ တစ်ပြိုင်နက် သာဓုခေါ်ဖို့ စောင့်နေတာပါ၊ ဟုတ်တယ် မဟုတ်လား။

www.dhammaransi.com



# နဂါးဆိုတာ ရဟန္တာ

အရှင်ကုမာရကဿပက "မြတ်စွာဘုရား အဲဒီတပည့်ဟာ ဆက်ပြီးတူးဖော်လိုက်တဲ့အခါ လည်ရေးသုံးရစ်ရှိတဲ့ နဂါးကြီးကို တွေ့တယ်လို့ ဆိုပါတယ်ဘုရား၊ အဲဒီနဂါးဆိုတာ ဘာကိုပြော တာတုန်းဘုရား" အဲဒီအမေးကို မြတ်စွာဘုရား က အဖြေပေးတော်မူတယ်။

* **နဂါးဆိုတာ၊ ရဟန္တာ၊ ကောင်းစွာရှိခိုးကြ။**

"ချစ်သားရဟန်း၊ နဂါးဆိုတ၊ အခြားမ ဟုတ်ဖူး၊ ရဟန္တာကို ရည်ညွှန်းပြောတာဖြစ်တယ်။

ဘာကြောင့် နဂါးနဲ့ ရဟန္တာတူသလဲဆို တော့ နဂါးများကို ထိပါးလိုက်တဲ့အခါ နဂါးများ ဟာ အကြောင်းမသင့်လို့ မျက်စောင်းများ ထိုးလိုက်ရင် ထိပါးတဲ့ပုဂ္ဂိုလ်အဖို့ အန္တရာယ်

www.dhammaransi.com



ဖြစ်တတ်တယ်၊ နဂါးတို့ မျက်စောင်းအကြောင်း မရွေးဘူးဆိုတာ ကြားဖူးကြမှာပါ၊ အလွန်အဆိပ်ပြင်းထန်လှတဲ့ နဂါးဖြစ်ပါတယ်၊ ယခုခေတ်မှာလည်းပဲ ဒီနဂါးအမျိုးအနွယ် မြွေဆိုးတွေရှိကြတယ်၊ အဲဒီမြွေဆိုးတွေဟာ တောကြီးတောင်ကြီးထဲမှာနေပြီး သူတို့ခန္ဓာကိုယ်က နီရဲလို့၊ အဆိပ်အလွန်ပြင်းထန်တဲ့ မြွေတွေဖြစ်ပါတယ်။

အဲဒီတော့ ရဟန္တာများကိုလည်းပဲ သွားပြီး မပြစ်မှားလိုက်နဲ့၊ ကာယကံခန္ဓာကိုယ်နှင့်လည်း မပြစ်မှားပါနဲ့၊ ဝစီကံ ပါးစပ်နှင့်လည်း မပြစ်မှားပါနဲ့ မနောကံစိတ်နှင့်လည်းပဲ မပြစ်မှားပါနဲ့၊ ပြစ်မှားလိုက်ပြီဆိုရင်တော့၊ အဲဒီပုဂ္ဂိုလ်များဟာ အကုသိုလ်ဆိုးကျိုးတွေ အများကြီး ခံစားရတတ်တယ်။

နဂါးကို မထိပါးရသလို ရဟန္တာများကိုလည်း ကောင်းကောင်းမွန်မွန် အရိုအသေပြုပါ၊ ရှိခိုးပါ၊ လေးစားပါ၊ မြတ်နိုးပါလို့ အဲသလိုဆိုလိုတယ် ချစ်သားရဟန်း”

www.dhammaransi.com

# အမြဲတမ်းကမ္မဋ္ဌာန်းဖြစ်နေတယ်

ရှင်ကုမာရကဿပဟာ သူသိလိုတဲ့ ပြဿနာ (၁၅)ချက်ကို မြတ်စွာဘုရားသခင်အား မေးလျှောက်လို့ပြီးပါပြီ။

မြတ်စွာဘုရားဖြေကြားတော်မူတဲ့ အဖြေတွေကို ရှင်ကုမာရကဿပ ကောင်းမွန်စွာ နာယူမှတ်သားတယ်၊ အရှင်မြတ်အတွက် ဒီအဖြေတရားတော်ဟာ အမြဲတမ်း ကမ္မဋ္ဌာန်းဖြစ်လို့နေတယ်။

ဒီအဖြေတရားတော်ကို ကမ္မဋ္ဌာန်းတစ်ခုအဖြစ်နဲ့ မှတ်သားလို့ ကြိုးစားအားထုတ်လိုက်တာ၊ ခန္ဓာကိုယ်ဆိုတဲ့ တောင်ပို့ကြီးကို ဝိပဿနာပညာ မဂ်ပညာဆိုတဲ့ ထက်လှစွာသော တူးရွင်းလက်နက်နဲ့ မရပ်မနား တူးဖြိုလိုက်တာ။ ရှင်ကုမာရကဿပဟာ၊ မကြာခင်ကာလအတွင်းမှာ ရဟန္တာဖြစ်သွားတယ်။

www.dhammaransi.com



ရဟန္တာဖြစ်သွားပြီဆိုတော့ တရားတော်လည်း ပြီးဆုံးသွားပါပြီ၊ တရားရဲ့နာမည်က **ရဲဝံ့ကြိုးပမ်းအောင်ဆုလှမ်းတဲ့**။

ရဲဝံ့ကြိုးစားအားထုတ်ကြပါ၊ ဝီရိယအဓိပတိ တပ်ကြပါ၊ ဒါဆိုရင်လောကီချမ်းသာတွေကိုလည်း ရရှိတယ်၊လောကုတ္တရာချမ်းသာတွေကိုလဲရရှိတယ်၊ ဘယ်တော့မှ အလဟဿ မဖြစ်ဖူး။

www.dhammaransi.com

# ဝီရိယအဓိပတိတပ်ပြီး ကြိုးစားရင်

အရှင်ကုမာရကဿပကိုကြည့်ပါ၊ ဝီရိယအဓိပတိတပ်လို့ ကြိုးစားအားထုတ်လိုက်တဲ့ အခါမှာ၊ လောကီချမ်းသာခြင်းကိုလဲ ရရှိတယ်၊ လောကုတ္တရာချမ်းသာလို့ခေါ်ဆိုတဲ့၊ မျက်မှောက် ဘဝမှာ ရဟန္တာဖြစ်လို့ နိဗ္ဗာန်ချမ်းသာကိုလည်း ရရှိသွားပြီ။

ဘုန်းကြီးတို့ ဒကာဒကာမများလည်းပဲ၊ ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ဘုရားကြီး အမိန့်ရှိခဲ့သလို အဓိပတိများတပ်လို့ ကြိုးစားအားထုတ်လုပ်ကိုင်ကြပါ၊ အဲဒါဆိုရင် ဒကာ, ဒကာမများ ဆောင်ရွက်နေကြတဲ့ လောကီကိစ္စအဝဝတွေ အောင်မြင်မှုများ ရရှိပါလိမ့်မယ်။

www.dhammaransi.com



နောက်ဆုံးတော့ လောကုတ္တရာကိစ္စ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားများကိုလည်းပဲ ထိုးထွင်းသိရှိရပါလိမ့်မယ်၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုကြရမယ် ဖြစ်ပါတယ်။

www.dhammaransi.com

# ကောင်းမှုအတွက် တောင်းဆု

ယနေ့ပြုလုပ်ရတဲ့ ကုသိုလ်ကောင်းမှု အစုစုတို့အတွက် တောင်းဆုတွေ ပြုကြရအောင်။

ယနေ့ပြုလုပ်ကြတဲ့ ဒါနကောင်းမှု အနှစ်တွေ၊ သီလကောင်းမှုအနှစ်တွေ၊ ဘာဝနာကောင်းမှုအနှစ်တွေ၊ အနှစ်သုံးပါး ကုသိုလ်ကောင်းမှုတရားတွေကြောင့်၊ ဘုရားသာသနာတော်ရဲ့ အနှစ်သာရဧကန်ဖြစ်တဲ့ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရား၊ လောကုတ္တရာ ချမ်းသာတရားတော်မြတ်များကို သုခ ပဋိပဒါ ခိပ္ပာဘိညာ၊ ချမ်းသာလွယ်ကူသော အကျင့်ပဋိပတ်၊ လျင်မြန်သော အသိဉာဏ်တို့ဖြင့် မျက်မှောက်ပြုနိုင်ကြရပါလို၏လို့ အသီး, အသီး တောင်းဆုတွေ ပြုကြပါ အသီး, အသီးလည်းပဲ မျက်မှောက်ပြုနိုင်ကြပါစေ။

www.dhammaransi.com



ဘုရားရဟန္တာ အရိယာသူမြတ်များ သိတော်မူ၊ မြင်တော်မူတဲ့ တရားတော်မျိုးတွေကို ငါတို့တတွေလည်း သိနိုင်ရမြင်နိုင်ရပါလို၏လို့ အသီးသီးတောင်းဆုတွေ ပြုကြပါ။

ဘုန်းကြီးတို့ ဒကာ, ဒကာမအပေါင်း သူတော်ကောင်းတွေ ဘုရားရဟန္တာအရိယာ သူတော်မြတ်တို့ သိတော်မူမြင်တော်မူသော တရားတော်တွေကို အသီးသီးသိနိုင်ကြ မြင်နိုင်ကြပါစေကုန်သတည်း။

www.dhammaransi.com

★ ဘုရားရှင်၏ သာသနာတော်ကို ဆက်ခံကြကုန်သော သံဃာတော်တို့သည် သာသနာ့သူရဲကောင်းများပင် ဖြစ်ကြကုန်၏။

★ ထိုသူရဲကောင်းတို့ ထားရှိရမည့် ကျင့်ဝတ် သိက္ခာများ ဣန္ဒြေစောင့်စည်းမှု စသည်,စသည်တို့ကို သိသင့်သိထိုက်သည်ဟု ယူဆပါလျှင်

# သာသနာ့သူရဲကောင်း တို့၏နှလုံးသွင်း

ဆဋ္ဌတိပိဋကဓရ–အဂ္ဂမဟာပဏ္ဍိတ
(ရေစကြိုဆရာတော်)

၏ စာအုပ်တွင် ဖတ်ရှုကြည့်ညိုနိုင်ပါသည်။

**မဟာဂန္ဓဝင်စာပေမှ ထွက်ရှိလာပါမည်။**

www.dhammaransi.com

★ လူ့ဘဝ၏ ချမ်းသာ အစစ်အမှန်တွေက ဘယ်အရာပါနည်း

★ မင်းစည်းစိမ်လား? အာရုံငါးဖြာကို ခံစား စံစားရခြင်းလား? အစားကောင်းစား ရခြင်းလား?

★ လူ့ဘဝချမ်းသာအစစ်အမှန်ကို ခွဲခြား သိရှိနိုင်စေရန် ဟောကြားထားသော

# လူတို့ဘဝသုခလေးဖြာ

ဆဋ္ဌတိပိဋကဓရ–အဂ္ဂမဟာပဏ္ဍိတ
(ရေစကြိုဆရာတော်)

ဖတ်ပါ၊ မှတ်ပါ၊ လေ့လာပါ။

**မဟာဂန္ဓဝင်စာပေမှစီစဉ်နေပါသည်။**

www.dhammaransi.com

# ရဲဝံ့ကြိုးပမ်း အောင်ဆုလှမ်း



## ဆဋ္ဌတိပိဋကဓရ
## (ရေစကြိုဆရာတော်)